# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၅၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ တနင်္လာနေ့။


အရိယ သစ္စာန ဒဿနံ
ဧတံမင်္ဂလ မုတ္တမံ

သစ္စာလေးပါးကို သိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

# ဆည်အတွင်းမှ ထုတ်ပစ်လိုက်သည့်ရေကို အကျိုးရှိအောင် ပြန်လည်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်အတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့သည် ပင်မရေပိုလွှဲအနီးရှိ ရေပိုလွှဲဂိတ်တံခါးများကို ထိန်းချုပ်မောင်းနှင်၍ အလိုအလျောက် မှတ်တမ်းတင်ထားသည့် စက်ခန်း၊ ရေယူအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သဖန်းဆိပ်ဆည်အတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားနိုင်မှုအခြေအနေများကို တမံတာပေါင်ပေါ်မှနေ၍ မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖

**နိုင်ငံတော်သမ္မတဦးသိန်းစိန် သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)





“နွေရာသီတွင် လျှပ်စစ်ထုတ်လုပ်မှု၊ စိုက်ပျိုးရေပေးဝေမှုတို့အတွက် ရေကိုစနစ်တကျ ကြိုတင်တွက်ချက်စီမံ ဆောင်ရွက်၊ ရေသွယ်မြောင်းများကို ရေဆုံးရှုံးမှုမဖြစ်စေရန် အတွက် မြေသားမြောင်းများအစား ကွန်ကရစ်မြောင်းများ ပြုလုပ်”

## မြန်မာ့လေပိုင်နက် နယ်နိမိတ်၏ ၉၀ ရာခိုင်နှုန်းအား လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့

သတင်း- ခင်လေးမြင့်အောင်

**ရန်ကုန် စက်တင်ဘာ ၂၈**

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြန်မာ့လေပိုင်နက်နယ်နိမိတ်၏ ၉၀ ရာခိုင်နှုန်းအတွက် လေကြောင်းထိန်းသိမ်းရေးဆိုင်ရာများ လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့လေပိုင်နက် အတွင်း Domestic Airways လေလမ်းကြောင်း ၃၆ ခုနှင့် ပြည်ပဖြတ်ကျော်လေလမ်းကြောင်း ၂၀ ခုတို့မှ နေ့စဉ်လေယာဉ်ပေါင်း ၅၅၀ကျော် ဖြတ်သန်းသွားလာလျက်ရှိပြီး လေယာဉ်များ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် မင်္ဂလာဒုံဗဟိုလေကြောင်း ထိန်းသိမ်းရေးစခန်းက ၂၄ နာရီ ထိန်းသိမ်းပေးလျက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ်မှ စတင်ကာ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ချုပ်၏ ချီကာဂိုကွန်ဗင်းရှင်း သဘောတူညီချက်ကို လိုက်နာဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံလေကြောင်းလိုင်းသဘောတူညီမှုပေါင်း ၄၆ခု၊ လေးနိုင်ငံ လေကြောင်း သဘောတူညီမှုစာချုပ်တစ်ခုနှင့် အာဆီယံအပါအဝင် နိုင်ငံများစုပေါင်းကာ လေကြောင်းသဘောတူညီမှုစာချုပ် ၁၇ ခုတို့ကို ချုပ်ဆိုထားပြီး *စာမျက်နှာ ၉ ကော်လံ ၃* ■

### မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။







## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြို့ကြီးဘက်စုံရေလှောင်တမံ

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းကို ရေအားလျှပ်စစ်မှ အဓိကထားပြီး ထုတ်လုပ်လျက်ရှိရာ လောပိတရေအားလျှပ်စစ်မှအစပြု၍ နိုင်ငံတစ်ဝန်းရေစီးအားကောင်းသည့် မြစ်ဝှမ်းများအတွင်း ဘက်စုံရေလှောင်တမံများကို ဆက်တိုက်အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပါသည်။ ဤဘက်စုံရေလှောင်တမံ စီမံကိန်းများသည် လျှပ်စစ်ဓာတ်အားထုတ်ယူရုံသာမဟုတ်ဘဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်အောင်လည်း စီမံတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ဘက်စုံရေလှောင်တမံစီမံကိန်းများသည် လူသားဖွံ့ဖြိုးမှုအတွက်များစွာအကျိုးပြုလျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အားရရှိရုံမက စိုက်ရေးပျိုးရေးအတွက်ရေရရှိရေးနှင့်အတူ ဒေသတွင်းစိမ်းလန်းစိုပြည်ရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ်ရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိစဉ် ဆည်တမံတည်ဆောက်ရေးလုပ်ငန်းနှင့်အတူ ရေရရှိရေး မြောင်းတူးဖော်မှုလုပ်ငန်းကိုလည်း တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ထို့အတူ ရေအားလျှပ်စစ် ထုတ်လုပ်မှုကိုလည်း တစ်ချိန်တည်းထုတ်ယူရရှိနိုင်ရေးဆောင်ရွက်သွားရန်၊ ရေမြောင်းများကို ကွန်ကရစ်ရေမြောင်းများပြုလုပ်ပြီး ရေမြောင်းတစ်လျှောက် တွင်လည်း ဆိုလာပါဝါစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူရရှိနိုင်ရေး ကျွမ်းကျင်ပညာရှင်များနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ ရေမြောင်းများမှ ရေသောက်ဧရိယာရှိ စိုက်ပျိုးမြေများအား ထိရောက်အကျိုးရှိအောင် ဆောင်ရွက်သွားရန် စသည်ဖြင့်မှာကြားခဲ့ပါသည်။

မြို့ကြီးရေလှောင်တမံသည် လျှပ်စစ်မဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်မည့်အပြင် ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက်ဧရိယာဧက ၈၂၀၀၀ အား ရေပိုမိုပေးဝေနိုင်ရန်၊ ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင်အတွင်းရှိ မြေဧရိယာ ဧက ၃၃၀၀၀ ကိုလည်း စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ဒေသအတွင်း စိမ်းလန်းစိုပြည်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤစီမံကိန်းသည် ယခုအခါ ၈၂ ရာခိုင်နှုန်းပြီးစီးနေပြီး လာမည့်ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် ဆွစ်ဇာလန်နိုင်ငံသည် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံအတွင်းရွာချသော မိုးရေ၏ ၉၅ရာခိုင်နှုန်းကို အလဟဿမဖြုန်းတီးစေဘဲ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ကြောင်းလေ့လာသိရှိရပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် ရေအားလျှပ်စစ်ထုတ်ယူရန် အရင်းအမြစ်ကြွယ်ဝသည့်နိုင်ငံဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဘက်စုံရေလှောင်တမံများပေါ်ထွန်းလာမှုနှင့်အတူ ယခုအခါလျှပ်စစ်ဓာတ်အားစုစုပေါင်း ၂၁၇၁မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိပြီး ၂၀၁၅ခုနှစ်နွေရာသီ အမီ ၄၃၈ မဂ္ဂါဝပ်တိုးမြှင့်ထုတ်လုပ်သွားရန် စီစဉ်နေခြင်းကြောင့် စုစုပေါင်း ၂၆၀၉မဂ္ဂါဝပ်အထိ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် မျှော်မှန်းထားပါသည်။ သို့ပါ၍ ယခုကဲ့သို့ဘက်စုံရေလှောင်တမံ စီမံကိန်းများအမြန်ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အားရရှိရေးသာမက စိုက်ပျိုးရေးအတွက်ပါ များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ဥပ္ပါတသန္တိစေတီ သီတင်းကျွတ်လပြည့်နေ့ ဆီမီး ၉၀၀၀ ပူဇော်မည်

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူပြည်သူအပေါင်း ဘေးဥပဒ်အန္တရာယ်ရန် အသွယ်သွယ်ကင်းဝေးစေပြီး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံစေရန် ရည်သန်၍လည်းကောင်း၊ ရဟန်းရှင်လူပြည်သူများ ရန်ကုန် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရသကဲ့သို့ ဖူးမြော်ကြည်ညိုနိုင်ရန် ရည်ရွယ်၍လည်းကောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဉာဏ်တော်တစ်ပေသာလျော့၍ ဉာဏ်တော်အမြင့် ၃၂၅ ပေရှိ ရွှေတိဂုံပုံစံတော်တူ ဤဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးကို နေပြည်တော်၌ ၂၀၀၉ ခုနှစ် မတ် ၇ ရက်တွင် တည်ထားကိုးကွယ်ခဲ့သည်။

စေတီတော်မြတ်ကြီး၏ကြည်ညိုသပ္ပာယ်မှုအနေဖြင့် အမြင့် ၇၃ပေ ရှစ်လက်မမြင့်သော ပရိသတ် ၁၀၀၀၀ ဆံ့သည့် လိုဏ်တော်ကြီးဖြင့်တည်ဆောက်ထားပြီး လိုဏ်တော်ကြီးအတွင်း ဉာဏ်တော် သုံးပေ နှစ်လက်မရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်လေးဆူ ပူဇော်ထားရှိမှု၊ ဖွား၊ ပွင့်၊ ဟော၊ စံ အစရှိသည့်ဗုဒ္ဓဝင်ပန်းချီကားများ တစ်ခြမ်းဖောင်းကြွဖြင့် စကျင်ကျောက်သားပန်းချီကား ၄၈ ချပ် ပုံဖော်ထားပြီး လိုဏ်တော်အတွင်း မျက်နှာကြက်တွင်သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့်ပဋ္ဌာန်း ၂၄ ပစ္စည်းကြေးပန်းတဉ်း၊ ရွှေဇဝါယွန်းတို့ဖြင့် ပုံဖော်ထားမှု၊ မြန်မာမှုအနုပညာ ပန်း ၁၀ မျိုး လက်ရာစုံတို့ဖြင့် တည်ထားစီစဉ်ထားမှု စသည်တို့ကြောင့် ပြည်ပနိုင်ငံများမှ ရဟန်းရှင်လူဧည့်သည်တော်များ ၊နိုင်ငံတကာအစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် မြန်မာနိုင်ငံတစ်ဝန်းမှ ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်စည်ကားလျက်ရှိသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဆဋ္ဌမအကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို အောက်တိုဘာ ၈ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၁၀နာရီတွင် စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း၌လည်းကောင်း၊ ဆီမီး၉၀၀၀ ထွန်းညှိပူဇော်ပွဲကို အဆိုပါနေ့ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ (၅၇) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၄ ရက်တွင် ကျင်းပပြီး ပဋ္ဌာန်းသိမ်းအောင်ပွဲကို အောက်တိုဘာ ၈ ရက် (အဘိဓမ္မာအခါတော်နေ့)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှု (၁၄) ကြိမ်မြောက် ဆွေမျိုးပေါက်ဖော် ပွဲသဘင်ကျင်းပမည်



**မူဆယ် စက်တင်ဘာ ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရွှေလီမြို့တွင် ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်ကျင်းပခဲ့သော မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ပွဲကို ယခုနှစ် အောက်တိုဘာ ၂ ရက်နှင့်၃ ရက်တို့တွင် (၁၄) ကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ယခင်ကကျင်းပခဲ့သော (၁၃) ကြိမ်မြောက် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ပွဲတွင် မူဆယ်မြို့မှ ဧည့်သည်တော်များအပြင် တိုင်းရင်းသား ကိုယ်စားပြုအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ရိုးရာအတီးအမှုတ်၊ အကအခုန်များ၊ အလှပြလှည်းယာဉ်များပါဝင်ကြသည်။ (ဓာတ်ပုံ)

**ကျင်းပ**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံဘက်ကလည်း ရိုးရာယဉ်ကျေးမှုအကများ၊ အတီးအမှုတ်များ၊ အလှပြယာဉ်များ၊ တိုင်းရင်းသားလူမျိုးစုံ၊ ရိုးရာဓလေ့ထုံးစံများဖြင့် ရွှေလီမြို့အနှံ့လှည့်လည် အလှပြကြ၍ ညပိုင်းတွင် အကပဒေသာများ၊ လှယဉ်ကျေးမယ် ယှဉ်ပြိုင်သရုပ်ပြမှုများ ပါဝင်ပြီး အားကစားပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

## မူလတန်းကလေးငယ်များအား သိန်းနီမြို့၌ အာဟာရနို့တိုက်ကျွေး

**သိန်းနီ စက်တင်ဘာ ၂၈**

လားရှိုးခရိုင် သိန်းနီမြို့နယ် အခြေခံပညာ မူလတန်းကျောင်းအမှတ်(၃) ၌ အာဟာရပြည့် ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန် ရည်ရွယ်၍ စက်တင်ဘာ ၂၇ ရက်က အဆိုပါကျောင်းရှိ မူလတန်းကလေးငယ်များအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ စိုင်းသန်းထွန်းက နွားနို့တိုက်ကျွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



HLAINE TET GROUP LIMITED – HOTEL SUPPLY
Authorized Distributor & OEM Supplier



Hotel Linen
Mattress & extra Bed
Cleaning Chemicals & Accessories
Washer
Dryer
Flatwork Ironer

Yangon Office - N0. (83), 1st Floor, Dhammazedi Road, Sanchaung Township, Yangon, Myanmar.
Tel : (95-1) 539 524, 523 063, 230 5560, 230 5561, Fax : (95-1) 539524
Mandalay Office - 80th Street, Between 23rd and 24th, Aung Myae Thar San Township, Mandalay, Myanmar.
Tel : 09-2013134, 09-73105588

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုရီးယားသမ္မတနိုင်ငံသို့ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၈**

ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌ Admiral Chol Yoon-hee၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် စက်တင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ဂျပန်နိုင်ငံ တိုကျိုမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၊ General Affairs Department ၏ Directorဖြစ်သူ Major General Junichi ARAKI နှင့်ဇနီး၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးကြီး ထင်ကျော်သူနှင့်ဇနီးတို့က Narita အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ အင်ချွန်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ကိုရီးယားတပ်မတော် Joint Chiefs of Staff Office မှ Major General Kim Yong-woo နှင့်ဇနီး၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးစိုးလွင်နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ဗိုလ်မှူးချုပ်မြင့်ဟိန်းနှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ) (မြဝတီ)**

# အာဆီယံ-ကုလသမဂ္ဂဝန်ကြီးအဆင့်အစည်းအဝေး၊ အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် သဘာပတိအဖြစ်ဆောင်ရွက်

**နယူးယောက် စက်တင်ဘာ ၂၈**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပသည့် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတွင် ပူးတွဲသဘာပတိပြုလုပ်စဉ်။ (သတင်းစဉ်)

ညီလာခံ၌ မြန်မာနိုင်ငံ ကိုယ်စားပြု၍ အထွေထွေမူဝါဒရေးရာမိန့်ခွန်း ပြောကြားရန် ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယူးယောက်မြို့တွင်ရှိနေစဉ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေး၊ အာဆီယံ-ကုလသမဂ္ဂ ဝန်ကြီးအဆင့် အစည်းအဝေး၊ အာဆီယံ- အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးများ၏ သဘာပတိနှင့် ပူးတွဲသဘာပတိ အဖြစ် ဆောင်ရွက်ခဲ့သည်။

အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ ညီလာခံခန်းမ(၈)တွင် ကျင်းပခဲ့ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်းတို့ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံသို့ တင်သွင်းမည့် အာဆီယံ-ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်မှု အဆိုမူကြမ်းအပေါ် ဆွေးနွေးခြင်း၊ လုံခြုံရေးကောင်စီ အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများသို့ ဝင်ရောက် အရွေးခံမည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များကို အာဆီယံနိုင်ငံများမှ အပြန်အလှန် ထောက်ခံမှုပြုရေး ကိစ္စ၊ အာဆီယံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ အာဆီယံ- ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ညှိနှိုင်းခြင်း၊ အနာဂတ်တွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အစရှိသည်တို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် "အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့၌ ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်လုပ်ရပ်များနှင့် အစွန်းရောက် အဖွဲ့အစည်းများ၏ လုပ်ရပ်များအပေါ် ရှုတ်ချသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက်"တစ်ရပ်ကိုလည်း အာဆီယံ၏ တူညီဆန္ဒဖြင့် ထုတ်ပြန်ခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ ဥက္ကဋ္ဌတို့အကြား နှစ်စဉ်ကျင်းပသည့် အာဆီယံ-ကုလသမဂ္ဂဝန်ကြီးအဆင့် အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် ကုလသမဂ္ဂ ဌာနချုပ် ညီလာခံခန်းမ (၈)၌ ကျင်းပခဲ့ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိ ယူဂန်ဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆမ်၊ ကာဟန်ဘာ ကူတဲဆတို့ တက်ရောက်ခဲ့ကြသည်။

ယင်း အစည်းအဝေးတွင် အာဆီယံနှင့် ကုလသမဂ္ဂအလုံးစုံ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်မှုတွင် တိုးတက်မှုနှင့် အနာဂတ်ဆက်ဆံရေးများကို သုံးသပ်ခဲ့ကြပြီး ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်များကို ပြည့်မီစေရေး၊ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှု အစီအမံကို ဖော်ထုတ်ရေး၊ အာဆီယံ၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်နှင့် ကုလသမဂ္ဂ၏ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုရည်မှန်းချက်များအကြား ဆက်စပ်မှုရှိစေရေး၊ အစွန်းရောက်ဝါဒများ ပြန့်ပွားလာမှုနှင့် အီဘိုလာ ကပ်ရောဂါ တိုက်ဖျက်ရေးစသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စများတွင် အမြင်ချင်းဖလှယ်ခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျွန်ကယ်ရီတို့အကြား ကျင်းပသည့် အာဆီယံ-အမေရိကန်ပြည်ထောင်စု အလွတ်သဘော ဝန်ကြီးအဆင့် အစည်းအဝေးကို နယူးယောက်မြို့ ဝါးလ်ဒေါ့ဖ် အက်စတိုးရီးယားဟိုတယ်၌ စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ကျင်းပခဲ့သည်။

ယင်း အစည်းအဝေးတွင် အာဆီယံ-အမေရိကန်ပြည်ထောင်စု ဆွေးနွေးဖက် ဆက်ဆံရေးညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ အာဆီယံ-အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတွင် အာဆီယံ-အမေရိကန် စီးပွားရေးဆိုင်ရာထိတွေ့မှု ဦးဆောင်ဦးရွက်ပြုမှု၊ ပင်လယ်ရေကြောင်းလုံခြုံရေး၊ ဒေသတွင်း ပြည်သူများ အချင်းချင်းဆက်ဆံရေးကိစ္စများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ ကျင်းပမည့် နဝမအကြိမ်မြောက်အရှေ့အာရှထိပ်သီး အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး အစီအစဉ်များနှင့် ဆွေးနွေးမည့်အကြောင်းအရာများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အထက်ပါ အစည်းအဝေးများအပြင် အာဆီယံနှင့် အခြားသော ဒေသဆိုင်ရာ အဖွဲ့အစည်းများအကြား ကျင်းပသည့် အစည်းအဝေးများအနက် အာဆီယံနှင့် ပစိဖိတ်မဟာမိတ်များအဖွဲ့အကြား ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပသည့် အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက်တွင် ကုလသမဂ္ဂဌာနချုပ်၌ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးသည် မက္ကဆီကိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟိုဆေး အန်တိုနီရိုမီနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် အာဆီယံနှင့် ပစိဖိတ်မဟာမိတ်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် နယ်ပယ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း(အီကို)အကြား ဝန်ကြီးအဆင့် အစည်းအဝေး၊ အာဆီယံနှင့် လက်တင်အမေရိက- ကာရေဗီယန်နိုင်ငံများ အဖွဲ့အစည်း (စီးလက်စ်)တို့အကြား ဝန်ကြီးအဆင့် အစည်းအဝေးများကိုလည်း စက်တင်ဘာ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၁၃၇၆-၁၃၇၇ သဘင်ရာသီတွင် မန္တလေး၌ အငြိမ့်လေးဖွဲ့နှင့်ဇာတ် ၃၆ ဇာတ် တည်ထောင်ထားရှိ

**မန္တလေး စက်တင်ဘာ ၂၈**

၁၃၇၆-၁၃၇၇ သဘင်ရာသီအတွက် မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များ အစည်းအရုံးတွင် လာရောက်ပြီး ပွဲတည်ထောင်ခွင့်ပါမစ်မှတ်ပုံတင် ဆောင်ရွက်ခဲ့သော အငြိမ့်လေးဖွဲ့၊ ဇာတ် ၃၆ ဇာတ်နှင့် ဆိုင်းအဖွဲ့ ၅၀ ကျော်ရှိကြောင်း သိရသည်။

မန္တလေး သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ပန်တျာစိန်မောင်နှင့်တွေ့ဆုံစဉ် အငြိမ့်နှင့် ဇာတ်သဘင်အကြောင်း သိလိုသည်ကို စေ့ငုမေးမြန်းကြည့်ရာတွင် နှစ်စဉ်သဘင်ရာသီကုန်ဆုံးသော ဝါဆိုလမှ ဝါခေါင်လကွယ်အထိ သဘင်ပညာရှင်များ အစည်းအရုံးတွင် တည်ထောင်သွားကြမည့်အငြိမ့်၊ ဇာတ်၊ ဆိုင်းအဖွဲ့များတွင် ပါဝင်မည့်ပညာရှင်များကို တစ်ဦးချင်းခေါ်ယူတွေ့ဆုံပြီး အနုပညာကြေးနှင့် ပတ်သက်၍စိစစ်ဆောင်ရွက်ကာ စာချုပ်များချုပ်ဆိုပေးခဲ့ကြောင်း၊ ယခုအခါ မန္တလေးမြို့၌ အငြိမ့်များနည်းလာပြီး ဇာတ်အဖွဲ့များ များပြားလာကြောင်း၊ ယခုနှစ်တွင် မြတရာ၊ ဒို့ညီအစ်ကို၊ သစ်လွင်နှင့် ရွှေရတနာအငြိမ့်များသာရှိတော့ကြောင်း၊ ယခင်နှစ်က မန္တလေးမြို့တွင် တည်ထောင်ခဲ့သော ဇာတ်အဖွဲ့ ၃၉ ဖွဲ့ရှိခဲ့ကြောင်း၊ ဇာတ်တစ်ဖွဲ့ ဖွဲ့စည်းရာတွင် အနည်းဆုံး ၇၇ ဦး၊ အငြိမ့်တစ်ဖွဲ့တွင် အနည်းဆုံး ၂၅ ဦးနှင့် ဆိုင်းတစ်ဖွဲ့တွင် အနည်းဆုံး ၁၁ ဦးပါဝင်ရမည် ဖြစ်ကြောင်း၊ ပွဲတည်ထောင် ဦးစီးများသည် သက်ဆိုင်ရာ သဘင်ပညာရှင် အစည်းအရုံးနှင့် စာချုပ်ချုပ်ဆို၍ တည်ထောင်ခွင့်ပြုရမည် ဆိုသော အချက်က မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)က ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းပင် ဖြစ်ကြောင်း၊ အဆိုပါ စည်းကမ်းချက်များနှင့် မကိုက်ညီသောအဖွဲ့များကို အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပွဲမိန့်ပိတ်သိမ်းခြင်း မဟုတ်ပါကြောင်း ပန်တျာစိန်မောင်က ပြောကြားသည်။

**တင်မောင်(မန္တလေး)**

နိုင်ငံတကာသတင်း

# ဆီးရီးယား၌ လေကြောင်းတိုက်ခိုက်မှုအတွင်း ခိုရာဆန်အုပ်စု၏ခေါင်းဆောင်သေဆုံးခဲ့ဟုဆို



**ဘေရွတ် စက်တင်ဘာ ၂၈**

ဆီးရီးယားနိုင်ငံတွင် အမေရိကန်နိုင်ငံ၏ လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း အယ်လ်ခိုင်ဒါနှင့် ဆက်စပ်နေသည့် ခိုရာဆန်အုပ်စု၏ ခေါင်းဆောင်ဖြစ်သူ သေဆုံးခဲ့ကြောင်း အယ်လ်ခိုင်ဒါအဖွဲ့ဝင်တစ်ဦးက ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့သည်ဟု SITE သတင်းဌာနက ယနေ့ဖော်ပြခဲ့ရာ လေကြောင်း စီးနင်းတိုက်ခိုက်မှုမှ ၎င်းလွတ်မြောက်သွားခြင်း ရှိ မရှိ မရေမရာ ဖြစ်နေမှုများ အဆုံးသတ်သွားခဲ့သည်။

အယ်လ်ခိုင်ဒါ အကြီးတန်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ မိုဆင်အယ်လ်ဖက်ဒလီသည် အစောပိုင်းလေကြောင်းတိုက်ခိုက်မှုတစ်ခုတွင် သေဆုံးခဲ့သည်ဟု အမေရိကန်ပြည်ထောင်စုက ယုံကြည်ထားကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားခဲ့သော်လည်း နာရီအနည်းငယ် ကြာပြီးနောက် ပင်တဂွန်စစ်ဌာနချုပ်က အဆိုပါသတင်းနှင့်ပတ်သက်၍ စုံစမ်းနေဆဲဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် စက်တင်ဘာ ၂၇ ရက်တွင် ဂျီဟတ်ဝါဒီတစ်ဦးက ပေးပို့ခဲ့သည့် သတင်းတိုတစ်ခု၌ ကူဝိတ်ဇာတိဖွား ဖက်ဒလီသေဆုံးမှုအတွက် ဝမ်းနည်းကြောင်း ဖော်ပြထားသည်။ အဘူအက်စမား အယ်လ်ကူဝိတ်တီ သို့မဟုတ် အဘူအက်စမား အယ်လ်ဂျက်ဇရာဝီဟူ၍လည်း လူသိများသည့် ဖက်ဒလီသည် စက်တင်ဘာ ၂၃ ရက်နေ့က လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရကြောင်း SITE က သတင်းဖော်ပြခဲ့သည်။

ခိုရာဆန်အုပ်စုသည် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့မှ တိုက်ခိုက်ရေးအတွေ့အကြုံ ကြွယ်ဝသည့် အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးသမားများဖြင့် ဖွဲ့စည်းထားသည့် ကွန်ရက်တစ်ခုဖြစ်ပြီး လက်ရှိတွင်မူ ဆီးရီးယားနိုင်ငံရှိ အယ်လ်ခိုင်ဒါ ဂိုဏ်းခွဲတစ်ခုဖြစ်သည့် နူစရာတပ်ဦးတွင် ပါဝင် တိုက်ခိုက်နေကြသူများဖြစ်ကြောင်း အမေရိကန်မှ တာဝန်ရှိသူများက ပြောကြားသည်။ **(ရိုက်တာ)**



## ဂျပန်နိုင်ငံ မီးတောင်ပေါက်ကွဲမှု ခြေလျင်တောင်တက်သမား ၃၀ သေဆုံး

**တိုကျို စက်တင်ဘာ ၂၈**

ဂျပန်နိုင်ငံရှိ အွန်တာကေမီးတောင် ရုတ်တရက် ပေါက်ကွဲမှုကြောင့် ခြေလျင်တောင်တက်သမား ၃၀ ကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက တွေ့ရှိခဲ့ရပြီးနောက် အဆိုပါတောင်တက်သမားများ သေဆုံးပြီဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာအဖွဲ့က စစ်ဆေးမှုများဖြင့် နောက်ဆုံးအတည်ပြုပြောကြားခဲ့သည်။

မီးတောင်ဆင်ခြေလျှောများ၌ လူပေါင်း ၂၅၀ ခန့် ပိတ်မိနေခဲ့သော်လည်း အများစုမှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပေ။

တိုကျိုမြို့ အနောက်ဘက် ၁၂၅ မိုင်အကွာရှိ ယင်းမီးတောင်သည် စနေနေ့ ၁၂ နာရီခန့်က ပေါက်ကွဲခဲ့ရာ ပြာမှုန့်များ၊ ကျောက်တုံးကျောက်ခဲများ ပါဝင်သော ချော်ရည်ပူများ ဆင်ခြေလျှောတစ်လျှောက် စီးဆင်းကျလာခဲ့သည်။

အဆိုပါနေရာသည် ဆောင်းဦးရာသီ သဘာဝအလှရှုခင်းကြည့်ရှုရန် နာမည်ကြီးထင်ရှားသော နေရာတစ်ခုဖြစ်သည်။

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်ရှိ မြေငလျင်လှုပ်ရှားမှု အများဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သော်လည်း ၁၉၉၁ ခုနှစ်က အန်ဇန်းမီးတောင်ပေါက်ကွဲမှုကြောင့် ၄၃ ဦး သေဆုံးခဲ့ပြီးနောက်ပိုင်း မီးတောင်ပေါက်ကွဲမှုများကြောင့် သေကျေပျက်စီးမှု မရှိခဲ့ပေ။

**(ဘီဘီစီ)**

## အာဖဂန်သမ္မတနန်းတော်အနီး ပေါက်ကွဲမှုဖြစ်ပွား

**ကဘူးလ် စက်တင်ဘာ ၂၈**

ကဘူးလ်မြို့လယ်ရှိ သမ္မတနန်းတော်အနီးတွင် လုံခြုံရေးတပ်ဖွဲ့ယာဉ်၌ တပ်ဆင်ထားသည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဖော်ပြချက်တွင် တွေ့ရသည်။

ဖြစ်စဉ်မှာ သမ္မတနန်းတော်အနောက်ဘက်ဂိတ်အနီး အဆိုပါယာဉ် မောင်းနှင်သွားစဉ် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲက ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းကြောင့် တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးအရာရှိက ဆင်ဟွာသို့ ပြောခဲ့သည်။

ပေါက်ကွဲမှုသည် သမ္မတ ဟာမစ်ကာဇိုင်းနေရာတွင် ဆက်ခံမည့် အာဖဂန်သမ္မတ အာရှက်ဂါနီ အာမက်ဇီ ကျမ်းသစ္စာ ကျိန်ဆိုပွဲ မပြုလုပ်မီ တစ်ရက်အလို၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့်နှစ်လယ်ပိုင်းကတည်းက နိုင်ငံခြားတပ်ဖွဲ့ဝင်များထံမှ စစ်ဆင်ရေးဦးဆောင်မှုကို လွှဲပြောင်းရယူခဲ့သည်။ စစ်ကြောင့် ယိုယွင်းပျက်စီးနေသော အာဖဂန် လုံခြုံရေးတာဝန်ကို ယခုနှစ်ကုန်ပိုင်းတွင် နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များထံမှ လုံးဝအပြီးအပိုင်လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း သိရသည်။

အာဖဂန်နိုင်ငံအတွင်း၌ နေတိုးခေါင်းဆောင်သော မဟာမိတ်တပ်ဖွဲ့ဝင် ၄၁၀၀၀ ကျော် တပ်စွဲထားလျက်ရှိရာ အများစုမှာ အမေရိကန်များ ဖြစ်ကြသည်။ အမေရိကန်နိုင်ငံသည် လာမည့်နှစ်တွင် တပ်ဖွဲ့ဝင် ၁၀၀၀၀ အောက် လျှော့ချရန် စီစဉ်ထားသည်။

**(ဆင်ဟွာ)**



## မဟာဗျူဟာကျရာခရိုင်ကို တာလီဘန်များထိန်းချုပ်

**ကဘူးလ် စက်တင်ဘာ ၂၈**

တာလီဘန်တိုက်ခိုက်ရေးသမားများက အာဖဂန် ဂတ်ဇ်နီပြည်နယ်ရှိ မဟာဗျူဟာကျသော ခရိုင်တစ်ခုကို ထိန်းချုပ်ထားကြောင်း တာဝန်ရှိသူများက ပြောသည်။

အကြမ်းဖက်သမားများသည် သီတင်းတစ်ပတ်ကြာတိုက်ပွဲဖြစ်ပွားပြီးနောက် ကြာသပတေးနေ့ နှောင်းပိုင်းက အာရက်စတန်ခရိုင်ကို သိမ်းပိုက်လိုက်သည့်အပြင် အရပ်သား ၇၀ ခန့်ကိုလည်း သေနတ်ဖြင့် ပစ်သတ်လိုက်ကြသည်။ အမျိုးသမီးများ အပါအဝင် အာဏာပိုင်များနှင့် သစ္စာဖောက်သူဟု သံသယရှိသူ ၁၅ဦးအား စစ်သွေးကြွများက ခေါင်းဖြတ်ကွပ်မျက်ခဲ့ကြောင်း အဆိုပါပြည်နယ် အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူကပြောသည်။

**ဖြစ်ပွား**

အဆိုပါ တာလီဘန်အဖွဲ့သည် ဂတ်ဇ်နီပြည်နယ် နေရာအများစု၌ တက်ကြွလှုပ်ရှားနေသူများဖြစ်သည်။ ယင်းပြည်နယ်သည် အရှေ့တောင်ပိုင်းမှ မြို့တော် ကဘူးလ်မြို့သို့ သွားရာလမ်းမကြီးပေါ်တွင် တည်ရှိသည်။ လုံခြုံရေးတပ်များက အဆိုပါခရိုင်ကို ပြန်လည်ရယူရန် ကြိုးစားစဉ် တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါ ခရိုင်အနီးဝန်းကျင်၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

**(ဘီဘီစီ)**

## အမေရိကန်သံရုံးအနီး ဒုံးကျည်ဖြင့် တိုက်ခိုက်

**ဆာနား စက်တင်ဘာ ၂၈**

စနေနေ့ညပိုင်းက ယီမင်မြို့တော် ဆာနားရှိ အမေရိကန်သံရုံးအနီး ဒုံးကျည်ဖြင့် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း အာရေဗျကျွန်းဆွယ် အယ်လ်ခိုင်ဒါအဖွဲ့ (အေကျူအေပီ)က ပြောသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် ယီမင်တပ်ဖွဲ့ဝင်ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောသည်။ အမေရိကန်ဒရုန်းလေယာဉ်များဖြင့် တိုက်ခိုက်မှုအပေါ် လက်တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အယ်လ်ခိုင်ဒါအဖွဲ့က ပြောသည်။

အမေရိကန်တို့က အယ်လ်ဂျော ပြည်နယ်မြောက်ပိုင်း၌ ဒရုန်းလေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ရာ ကလေးသုံးဦးအပါအဝင် အေကျူအေပီစစ်သွေးကြွများ သေဆုံးခဲ့သည်ဟု ၎င်းတို့ဝက်ဘ်ဆိုက်ကြေညာချက်တွင် ဖော်ပြသည်။

**(ဆင်ဟွာ)**

## အသက်ငါးဆယ်ကျော် မင်းသားကြီး ဂျော့ကလူနေ နာမည်ကြီး ရှေ့နေအမျိုးသမီးနှင့် အိမ်ထောင်ပြု

**ဗင်းနစ် စက်တင်ဘာ ၂၈**

ဟောလိဝုဒ်ရုပ်ရှင်မင်းသားကြီး ဂျော့ကလူနေသည် လူ့အခွင့်အရေး ရှေ့နေမယ် အာလာမွတ်ဒင်နှင့် ဗင်းနစ်မြို့၌ လက်ထပ်လိုက်ပြီဖြစ်သည်။

အသက် ၅၃ နှစ်ရှိ ကမ္ဘာကျော်မင်းသားကြီး ကလူနေနှင့် အသက် ၃၆ နှစ်အရွယ် မစ်အာလာမွတ်ဒင်တို့သည် အီတလီနိုင်ငံ၏ နာမည်ကျော် ဂရင်းကင်နယ်ဟိုတယ်၌ မင်္ဂလာပွဲကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ နာမည်ကြီးအဆိုတော်များ၊ မော်လ်ဒယ်များနှင့် အနုပညာလောကမှ အကျော်အမော်များ တက်ရောက်လာကြရာ မော်လ်ဒယ် စင်ဒီကရော့ဖို့ဒ်၊ ဘီလ်မာရေးနှင့် ယူတူးအဆိုတော် ဘိုနိုတို့လည်းပါဝင်သည်။ ၎င်းတို့စုံတွဲသည် ဧပြီလအတွင်းက စေ့စပ်ခဲ့သည်ဟု ဆိုသည်။ ကလူနေသည် ယခင်က တယ်လီယာအယ်ဆန်းနှင့် လက်ထပ်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ကွာရှင်းခဲ့သည်။ ၎င်းသည် ကမ္ဘာကျော် ရုပ်ရှင်မင်းသားများအနက် လူသိအများဆုံးထဲမှ တစ်ဦးဖြစ်သည်။ ၎င်းသည် ၂၀၀၆ ခုနှစ်က Syriana ဇာတ်ကားကြီးဖြင့် အော်စကာရုပ်ရှင် ထူးချွန်ဆု၊ ဇာတ်ပို့ဆုရခဲ့ပြီး ၂၀၁၃ ခုနှစ်က Argo ဇာတ်ကားဖြင့် ဇာတ်ကားဆုရရှိခဲ့သည်။

လက်ဘနွန်နွယ်ဖွား ဗြိတိသျှရှေ့နေမယ် အာလာမွတ်ဒင်သည် ဝီကီလိခ်ထူထောင်သူ ဂျူလီယန်အက်ဆန်နှင့် ယူကရိန်းဝန်ကြီးချုပ်ဟောင်း ယူလီယာတိုင်မိုရှန်ကိုတို့ကဲ့သို့ နာမည်ကြီး ပုဂ္ဂိုလ်များ၏ အမှုတွဲများကို အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူဖြစ်သည်။ သူသည် ကလူနေနှင့် လုပ်ငန်းခွင်တွင် တွေ့ဆုံခဲ့ကြသည်ဟု ဆိုသည်။

**(ဘီဘီစီ)**



ပြည်တွင်းသတင်း

# ဆောက်လုပ်ခွင့်လိုင်စင်မရှိသော အဆောက်အအုံများဆောက်လုပ်လျက်ရှိပြီး စည်းကမ်းမဲ့မှုများကြောင့် အများပြည်သူ သွားလာမှုအခက်ကြုံနေ



လမ်းပေါ်အထိ ပိတ်ဆို့လုပ်ကိုင်နေသော ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုကို တွေ့ရစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၈**

နိုင်ငံတော်က အိုးအိမ်တိုက်တာများ ဆောက်လုပ်ရာတွင် တရားဝင်ခွင့်ပြုချက်ဖြစ်သော ဆောက်လုပ်ခွင့်လိုင်စင်ကျမှသာဆောက်လုပ်ရန် ညွှန်ကြားထားသော်လည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ခွင့်ပြုချက်မဲ့ တိုက်ခန်းများကို ဆောက်လုပ်လျက်ရှိပြီး အချို့ဆောက်လုပ်သောတိုက်ခန်းများသည် အများပြည်သူသွားလာမှုကို အခက်အခဲဖြစ်စေသော လမ်းအပြည့် မဆလာဖျော်ခြင်း၊ ပစ္စည်းများစုပုံထားခြင်းတို့ကြောင့် နိုင်ငံတော်အတွက် အခွန်ငွေမရသော ဆောက်လုပ်မှုနှင့် အများပြည်သူသွားလာမှုအခက်အခဲကြုံနေရမှုတို့ကို ကူညီဆောင်ရွက်ပေးနိုင်ရန် လက်တွေ့ခံစားနေရသော ရပ်ကွက်ပြည်သူတို့က ပြောကြားသည်။

**ပြောကြား**

"ဆောက်တာက ဘယ်သူပဲ ဘယ်လိုဆောက်ဆောက်တတ်နိုင်လို့ ဆောက်ကြတာ။ သံဃာတော်၊ ကျောင်းသား ကျောင်းသူနဲ့ အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်အောင်တော့ မလုပ်သင့်ဘူး။ လမ်းပေါ်မှာ ပစ္စည်းတွေပိတ်နေတော့ ဆိုက်ကား၊ ဆိုင်ကယ်တွေနဲ့သွားလာတဲ့သူတွေ ထိခိုက်မိကြတယ်၊ ဒီ(၇)ရပ်ကွက် စိန်ပန်းမြိုင်(၁) လမ်းမှာ လမ်းကကျဉ်း၊ ဈေးဆိုင်တွေလမ်းပေါ်ရောက်၊ အဆောင်နှစ်ဆောင်ဆောက်နေတဲ့ တိုက်နှစ်လုံးက ပစ္စည်းတွေနဲ့ဆိုတော့ ဘယ်သူ့ကိုပြောရမှန်းကို မသိကြဘူးဖြစ်နေတယ်" ဟု စိန်ပန်းမြိုင်(၁)လမ်းမှ ရပ်ကွက်ပြည်သူတစ်ဦးက ပြောကြားသည်။

"တိုက်ဆောက်တာက ပါမစ်မရှိဘူး။ ဆောက်တော့လည်း လမ်းပေါ်ကို ပစ္စည်းတွေပုံပြီး လုပ်ကြတယ်။ လမ်းပိတ်ပြီးအုတ်ချတယ်။ မဆလာဖျော်တယ်။ ပြည်သူကို လေးစားရမှန်းမသိသလို ဥပဒေဆိုတာကိုလည်း မလိုက်နာကြဘူး။ မေယုလမ်းမှာလည်း လမ်းက ကျဉ်းတဲ့အပြင် လမ်းပေါ်မှာ ပိတ်ပြီး အလုပ်လုပ်ကြတော့ ဘယ်နေရာကသွားရမှန်းကို မသိတော့ဘူး။တာဝန်ရှိသူတွေက တားမြစ်သင့်ပါတယ်" ဟု လမ်းပိတ်ဆို့မှုကြောင့် သွားလာရေးအခက်အခဲကြုံနေရသော သက်ကြီးရွယ်အိုတစ်ဦးက ပြောကြားသည်။

လှိုင်သာယာမြို့နယ်အတွင်း ၂၀၁၄ ခုနှစ် မတ်လမှစ၍ ရပ်ကွက်တစ်ခုတွင် အဆောက်အအုံ ငါးလုံးဆောက်ပါက တစ်လုံး၊ နှစ်လုံးသာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ခွင့်ပြုချက်ဆိုင်းဘုတ်စိုက်ထူထားရှိပြီး နားလည်မှုဖြင့် တိုက်တာအဆောက်အအုံများကို ဆောက်လုပ်လျက်ရှိကာ အများပြည်သူသွားလာရာတွင် စိတ်အနှောင့်အယှက်ဖြစ်စေသော ဆောက်လုပ်မှုကိုလည်း ပြောဆိုတားမြစ်မှု အားနည်းလျက်ရှိကြောင်း၊ ဆောက်လုပ်ရေး သယ်ပို့ယာဉ်များကြောင့် လမ်းများ ပျက်စီးမှုများလည်း ရှိနေကြောင်း ရပ်ကွက်နေပြည်သူများက ပြောဆိုလျက်ရှိကြသည်။

**မောင်သစ္စာ (HTY)**

# စိတ်ကြွရူးသွပ်ဆေးပြား ၈၅၀ ဖမ်းဆီးရမိ



**မော်လမြိုင် စက်တင်ဘာ ၂၈**

မွန်ပြည်နယ်အစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှု၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ညွှန်ကြားချက်ဖြင့် မော်လမြိုင်မြို့နယ် မြိုင်သာယာရဲစခန်း စခန်းမှူး ရဲအုပ်အေးမင်းငြိမ်း၊ နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် ကျော်မင်းထွန်းနှင့် တပ်ကြပ်မျိုးမြင့်၊ ဒုတပ်ကြပ် ကျော်သက်နိုင်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် ည ၁၁ နာရီက မြိုင်သာယာရပ်ကွက် သမိန်ဗရမ်းလမ်း အိမ်အမှတ်(၃၇၇) နေ စောကျော်သိန်းမိုး(၃၉ နှစ်) **(ယာပုံ)** မောင်းနှင်လာသောမော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ၄င်းဝတ်ဆင်ထားသောဘောင်းဘီတိုအတွင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ စောကျော်သိန်းမိုး နေအိမ်အတွင်းရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၀ လက်ဝယ်တွေ့ရှိသူ စောကျော်သိန်းမိုးကို မြိုင်သာယာရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

**ကျော်သန်း(မော်လမြိုင်)**

# ပြောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချသူအား အရေးယူထား

**နေပြည်တော် စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် မင်းသက်ထွန်း (၃၀ နှစ်)၏ နေအိမ်ရှေ့ဈေးဆိုင်တွင် ပြောက်အိုး၊ မီးရှူး၊ မီးပန်းများရောင်းချနေကြောင်း သတင်းအရ မဟာအောင်မြေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ မင်းသက်ထွန်းကို Spider ပြောက်ဘူး ၄၀ ပါ လေးထုပ်၊ Match Cracker သုံးဆင့် ၁၀ ဘူး၊ လေးဆင့် ၁၄ ဘူး၊ ငါးဆင့် ၁၈ဘူး၊ Westerm Gun ၁၀ လုံးပါ ခုနစ်ထုပ်၊ Feitian Shu လေးဘူးပါ နှစ်ထုပ်၊ Dixie Whistler ၁၂ ချောင်းပါ ကိုးထုပ်၊ Westerm Gun ရှစ်လုံးပါ နှစ်ထုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၆၄၀၀ နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ကင်းလှည့်စဉ် ကျပ်သိန်း ၉၃၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



**ဘားအံ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ဘားအံ ထုံးအိုင်လမ်းမကြီးအတိုင်း ဘားအံမြို့မရဲစခန်းမှ နယ်ထိမ်းတပ်ဖွဲ့ဝင်များလှည့်ကင်းဆောင်ရွက်နေစဉ် ကိုကလယ်ဘုန်းကြီးကျောင်း မုခ်ဦးအနီး၌ မသင်္ကာဖွယ် ကြွပ်ကြွပ်အိတ်အမည်းရောင် အထုပ်တစ်ထုပ်ကိုတွေ့ရှိ စစ်ဆေးရာ ငွေကျပ်သိန်း ၉၃၀၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို စက်တင်ဘာ ၂၂ ရက်က ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မျိုးကျော်ဦးစီးအဖွဲ့သည် စက်တင်ဘာ ၂၂ ရက် နံနက် ၄ နာရီခွဲက လှည့်ကင်းဆောင်ရွက်နေစဉ် ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ကိုကလယ်ဘုန်းကြီးကျောင်းအနီး ဘားအံ-ထုံးအိုင်လမ်းမကြီး ဝဲဘက်ဘေးရှိ မလေးရှားပိတောက်ပင်အောက်တွင် ကြွပ်ကြွပ်အိတ် အမည်းရောင်ဖြင့် ထုပ်လျက် အိတ်တစ်လုံးကို ဗုံးဟု မသင်္ကာဖွယ်တွေ့ရှိရ၍ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးရာ အထုပ်အတွင်းမှ အထုပ်ငယ်များသည် မူးယစ်ဆေးဝါးများဖြစ်နိုင်ကြောင်း၊ ပိုင်ရှင်မဲ့တွေ့ရှိရသော မူးယစ်ဆေးဝါးပါရှိသည့် မသင်္ကာဖွယ်အထုပ်ကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၃၁) ဘားအံသို့ ယူဆောင်၍ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အမည်းရောင်ကြွပ်ကြွပ်အိတ်တစ်လုံးအတွင်း Orcnic Apple စာတန်းပါ အလျား ၁၈ လက်မ၊ အနံ ၁၂ လက်မ၊ အမြင့် ခြောက်လက်မခန့်အရွယ်ရှိ အနီရောင် ပန်းသီးပုံးခွံ စက္ကူဖာတစ်ဖာ အတွင်း၌ မိုင်းကိုင်စက္ကူ၊ အဝါရောင် တိပ်ပလတ်စတစ်အကြည် တို့ဖြင့် ထပ်မံထုပ်ပိုးလျက် "999" တံဆိပ် ရိုက်နှိပ်ထားသော အလျား ခြောက်လက်မ၊ အနံလေးလက်မ၊ အမြင့်တစ်လက်မအရွယ်ရှိ ဘိန်းဖြူဟုယူဆရသော အဖြူရောင် ဘလောက်တုံး ၂၂ တုံး၊ တစ်တုံးလျှင် ၀ ဒသမ ၃၅ ကီလိုဂရမ် စုစုပေါင်း အလေးချိန် ၇ ဒသမ ၇ ကီလိုဂရမ်၊ တစ်ကီလိုဂရမ်လျှင် ငွေကျပ်သိန်း ၁၀၀၀ နှုန်း ဖြင့် ကာလတန်ဖိုးငွေကျပ်သိန်း ၇၇၀၀ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ပလတ်စတစ်အကြည်တို့ဖြင့် အဆင့်ဆင့်ပတ်၍ ထုပ်ပိုးထားသော ICE အလေးချိန် တစ်ကီလိုဂရမ်ပါ တစ်ထုပ်နှင့် MINDCHA-1725 စာတန်းပါ ရွှေဝါရောင် လက်ဖက်ခြောက် ပလတ်စတစ်အိတ်ခွံတစ်ခုစီနှင့် ထည့်ထားသောအလေးချိန် ၀ ဒသမ ၅ ကီလိုဂရမ်ခန့်စီပါ နှစ်ထုပ် စုစုပေါင်းအလေးချိန် နှစ် ကီလိုဂရမ်၊ တစ်ကီလိုဂရမ်လျှင် ငွေကျပ်သိန်း ၈၀၀ နှုန်းဖြင့် ကာလတန်ဖိုး ငွေကျပ်သိန်း ၁၆၀၀ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်း ၉၃၀၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို သိမ်းဆည်းခဲ့သည်။

ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ တရားခံ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# မီးလောင်မှုဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သမှုန်းကုန်းကြီးကျေးရွာအုပ်စု လျှော်ချောင်းလေးကျေးရွာတွင် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ နံနက် ၁၀ နာရီက အဆိုပါကျေးရွာနေ ဒေါ်ခင်ရီ(၇၀နှစ်) သည် နေအိမ်မီးဖိုတွင် ဝက်စာအိုး တည်ထားခဲ့ပြီး ဝါစိုက်ခင်းသို့ သွားရောက်စဉ် မီးဖိုမီးမှတစ်ဆင့် ထရံနှင့် နေအိမ်ကို မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ လောင်ကျွမ်းမှုကြောင့် (၄×၃) ပင်ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး ခြေတံရှည် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

**ကိုရဲ**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ စီးပွားရေးတက္ကသိုလ်(၂)

## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ဆက်လက်ပြီး စီးပွားရေးတက္ကသိုလ်မှာ ကျွန်တော်ကျင်လည်ခဲ့ရတဲ့ ဒုတိယအပိုင်းအကြောင်း တင်ပြချင်ပါတယ်။

၁၉၇၇ ခုနှစ် စက်တင်ဘာလမှာ ကျွန်တော် အင်္ဂလန်နိုင်ငံကပညာသင်ပြီး ပြန်ရောက်လာခဲ့တယ်။ ဘွဲ့လွန်စီမံခန့်ခွဲမှုဒီပလိုမာ၊ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့ ဘွဲ့ (၃)ခုကို (၆)နှစ်ကာလအတွင်းရခဲ့တာ။ ပြန်ရောက်ပြီး မကြာခင်မှာဘဲ ကျွန်တော်လေးစားတဲ့၊ အထင်ကြီးတဲ့၊ နမူနာယူတဲ့ ဖခင်ဆုံးခဲ့တယ်။ သူ ကင်ဆာရောဂါရှိနေတာကို ကျွန်တော့်ပညာရေးထိခိုက်မှာစိုးလို့ မိသားစုက အသိမပေးခဲ့ဘူး။ ပြန်ရောက်တော့ ဖေဖေကအိပ်ရာထဲလဲနေပြီ။ ကျွန်တော်ပြန်ရောက်လာလို့ စိတ်ဓာတ်နည်းနည်းတက်လာပေမယ့် ရောဂါကကျွမ်းနေတာမို့ ကျွန်တော်ပြန်ရောက်ပြီး နှစ်လကျော်အတွင်း ဆုံးခဲ့တယ်။ ၅၈ နှစ်ပဲရှိသေးတာမို့ သိပ်ငယ်သေးတယ်။ အရက်မသောက်တဲ့၊ ဆေးလိပ်မသောက်တဲ့ သူက အသည်းကင်ဆာနဲ့သေရတာ။ ကံကြမ္မာက ဒီလိုထင်ပါရဲ့။ အောင်မြင်မှုနဲ့ဆုံးရှုံးမှုက တွဲဖက်နေခဲ့တာ။

ကျွန်တော့်မူလဌာနဖြစ်တဲ့ ဝါဏိဇ္ဇဗေဒဌာနမှာပဲ တာဝန်ယူရတယ်။ ပါရဂူဘွဲ့ရထားပေမယ့် ရာထူးကနည်းပြဆရာ။ ကျွန်တော့်ရဲ့ပါမောက္ခဆရာကြီး ဦးဝီလျံပေါက နည်းနည်းသည်းခံဖို့ ခေါ်ပြောပါတယ်။ ရာထူးတိုးမပေးနိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့လည်း စိတ်ထဲမှာသိပ်တော့မခံစားရပါဘူး။ နည်းပြဆရာဖြစ်ပေမယ့် ဆရာပေါက ကျွန်တော့်ကို ဘွဲ့လွန်သင်တန်းကို သင်ခွင့်ပေးတယ်။ ဒီတုန်းက အခုလို အမ်ဘီအေသင်တန်းမရှိသေးဘူး၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ဖြစ်တဲ့ ဒီအမ်အေပဲရှိတာ။ ဒီသင်တန်းကို အစိုးရဌာနမှာ တာဝန်ယူနေကြသူတွေလာတက်ကြတယ်။ ပုဂ္ဂလိကကဏ္ဍက မတိုးတက်သေးတာမို့ စီးပွားရေးလောကက လာတက်ရောက်တဲ့သူတွေက ရှားပါးတယ်။

တစ်ဖက်ကစာသင်ရင်း တစ်ဖက်က ကျွန်တော်သုတေသနလုပ်ငန်းတွေကို ဖိလုပ်ဖြစ်တယ်။ အမှန်တော့ ပါရဂူဘွဲ့ဆိုတာဟာ သုတေသနလုပ်ငန်း လုပ်ခဲ့တဲ့သူကို အသိအမှတ်ပြုခြင်းသာဖြစ်တယ်။ သုတေသနလုပ်ရမယ်။ ဒီသုတေသနလုပ်ပြီး စာတမ်းတွေရေးသားပြုစုရမယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ တက္ကသိုလ်ကျောင်းက ဆရာ ဆရာမတစ်ဦးရဲ့ လုပ်ငန်းတာဝန်သုံးရပ်ကို တစ်ပြိုင်တည်းလုပ်ဖြစ်ခဲ့တယ်။ စာသင်ကြားမှု၊ သုတေသနဆောင်ရွက်မှုနဲ့ စာတမ်းတွေရေးသားပြုစုမှု၊ ဒီတာဝန်သုံးရပ်ကို လုပ်နိုင်မှ တက္ကသိုလ်ဆရာတစ်ဦးပီသတာ။

သုတေသနလုပ်ငန်းတွေဆောင်ရွက်ရတော့ ကျောင်းပြင်ပလောကနဲ့ ပတ်သက်ခဲ့ရတယ်။ ကျွန်တော်က ကျန်းမာရေးဝန်ကြီးဌာနနဲ့ သမဝါယမဝန်ကြီးဌာနနှစ်ခုမှာ ဦးစားပေးပြီး သုတေသနလုပ်ငန်းတွေလုပ်ဖြစ်တယ်။ သုတေသနလုပ်ပြီးချိန်မှာ သုတေသနတွေ့ရှိချက်တွေ၊ ဖော်ထုတ်တဲ့စာတမ်းတွေပြုစုရတယ်။ ပြုစုပြီးတဲ့စာတမ်းကို သုတေသနစာတမ်းဖတ်ပွဲတွေမှာ ဖတ်ရတယ်။ ဒါကြောင့် နှစ်စဉ်ကျင်းပတဲ့ မြန်မာနိုင်ငံဆရာဝန်အသင်း နှစ်ပတ်လည်ညီလာခံတွေမှာစာတမ်းတွေတင်သွင်းခဲ့တယ်။သုတေသနစာတမ်းဖတ်ပွဲတွေ တက္ကသိုလ်မှာ အမြဲကျင်းပနေတာမို့ စာတမ်းဖတ်ရတဲ့ အခွင့်အရေးတွေက အမြဲရှိခဲ့တယ်။ သုတေသနဆောင်ရွက်ရာမှာလည်း တစ်ယောက်တည်းလုပ်တာ မဟုတ်ဘဲ တပည့်တွေနဲ့ပေါင်းပြီး ဆောင်ရွက်ရတယ်။ သူတို့ကလည်း မဟာဝါဏိဇ္ဇဘွဲ့တွေအတွက် ကျမ်းတွေပြုစုနေရတာမို့ နှစ်ဦးနှစ်ဖက် အဆင်ပြေခဲ့တယ်။ ကျွန်တော်နဲ့အတူ သုတေသနလုပ်ရင်း ဘွဲ့လွန်ကျမ်းတွေပြုစုခဲ့သူတွေ အခုတော့ လူကြီးတွေဖြစ်နေကြပြီ။

သုတေသနလုပ်ရင်း နယ်တွေရောက်ဖြစ်တယ်။ သမဝါယမဝန်ကြီးဌာနအတွက် သုတေသနလုပ်ရင်း အဲ့ဒီအချိန်က သမဝါယမဝန်ကြီးဖြစ်သူ ဗိုလ်မှူးကြီးစိန်ထွန်းရဲ့ အားပေးမှုကြောင့် စာတမ်းတွေမျိုးစုံဖတ်ခဲ့ရတယ်။ ဖောင်ကြီးမှာရှိတဲ့ ဗဟိုသမဝါယမသင်တန်းကျောင်းမှာလည်း သင်တန်းတွေပို့ချခွင့်ရခဲ့တယ်။ စီမံခန့်ခွဲမှုသိပ္ပံပညာကို အထူးပြုခဲ့ရလို့ စီမံခန့်ခွဲမှုပြဿနာတွေကို ဆန်းစစ်ခွင့်ရခဲ့ပါတယ်။

**သင်ကြားမှုအပိုင်းမှာ ကျွန်တော်ကဌာနမှာ Workshop လို့ခေါ်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို မိတ်ဆက်ပေးခဲ့တယ်။ အလုပ်ရုံဆွေးနွေးပွဲက သာမန်ဆွေးနွေးပွဲနဲ့မတူဘူး။ ဆွေးနွေးပွဲမှာ ဆရာလုပ်သူက အကြောင်းအရာတစ်ခုကို တင်ပြရတယ်။ အခုလိုတင်ပြပြီး တက်ရောက်လာသူတွေက မိမိရဲ့ အယူအဆ၊ အမြင်တွေကိုဖလှယ်ကြတယ်။ အပြန်အလှန်မျှဝေကြတယ်။ အလုပ်ရုံဆွေးနွေးပွဲကျတော့ အခုလိုမဟုတ်ဘူး။ ဦးဆောင်ဆွေးနွေးသူက အကြောင်းအရာတစ်ခုကို တင်ပြပြီး တက်ရောက်လာသူတွေက အဖွဲ့လိုက်ခွဲပြီး အဖြေရှာကြတယ်။ အဖြေထုတ်ကြတယ်။**

အဓိပ္ပာယ်က ဦးဆောင်တဲ့သူမရှိဘဲ အားလုံးဟာတန်းတူအတွေးအခေါ်၊ အယူအဆနဲ့ပတ်သက်လို့ လူတိုင်းရဲ့အမြင်ကို လေးစားရမယ်။ လက်ခံရမယ့်သဘောဖြစ်တယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲရဲ့ ဦးတည်ချက်က အလွန်မြတ်နိုးဖို့ကောင်းတယ်။ နိုင်ငံရေးအမြင်နဲ့ကြည့်ရင် ဒီမိုကရေစီအပြည့်ရှိတဲ့၊ ကျင့်သုံးတဲ့ သဘောလက္ခဏာဖြစ်ပါတယ်။ ၁၉၇၈ ခုနှစ်လောက်ကစခဲ့တဲ့ အလုပ်ရုံဆွေးနွေးပွဲပုံစံဟာ အခုတော့ အတော်လေးပျံ့နှံ့နေပြီ။ ဒါပေမယ့် တစ်ခါတလေ အလုပ်ရုံဆွေးနွေးပွဲလို့ခေါ်ပေမယ့် အနှစ်သာရမပြည့်စုံတဲ့ ဆွေးနွေးပွဲရိုးရိုးဖြစ်နေတာကို တွေ့နေရတယ်။

> **ဦးဆောင်တဲ့သူမရှိဘဲ အားလုံးဟာတန်းတူအတွေးအခေါ်၊ အယူအဆနဲ့ပတ်သက်လို့ လူတိုင်းရဲ့အမြင်ကို လေးစားရမယ်။ လက်ခံရမယ့်သဘောဖြစ်တယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲရဲ့ ဦးတည်ချက်က အလွန်မြတ်နိုးဖို့ကောင်းတယ်။ နိုင်ငံရေးအမြင်နဲ့ ကြည့်ရင် ဒီမိုကရေစီအပြည့်ရှိတဲ့၊ ကျင့်သုံးတဲ့ သဘောလက္ခဏာ ဖြစ်ပါတယ်။**

အားကစားလုပ်ငန်းကိုလည်း ဆက်လုပ်ဖြစ်တယ်။ အထူးသဖြင့် ခြေလျင်တောင်တက်အသင်းကို တာဝန်ယူပြီး လှုပ်ရှားမှု အမျိုးမျိုးလုပ်ခဲ့တယ်။ လမ်းလျှောက်ပြိုင်ပွဲတွေ၊ အပတ်စဉ်စုပေါင်းလမ်းလျှောက်ပွဲတွေ၊ ခရီးကြမ်းထွက်တဲ့အစီအစဉ်တွေ ပုံစံအမျိုးမျိုးနဲ့လှုပ်ရှားခဲ့ရတယ်။

စီးပွားရေးတက္ကသိုလ်မှာ တာဝန်ကျစဉ် ကျွန်တော်ဟာ တပည့်တွေကို ခင်ခဲ့သလို ဆရာ ဆရာမတွေကိုလည်း လေးစားခဲ့တယ်။ ဒီနေရာမှာထိပ်ဆုံးကတော့ ပါမောက္ခဌာနမှူး ဆရာကြီးဝီလျံပေါ။ သူက ကရင်-ရှမ်းလူမျိုး၊ ခရစ်ယာန်ဘာသာဝင်။ နူးညံ့တယ်၊ သိမ်မွေ့တယ်၊ အရာရာကို အေးအေးဆေးဆေး ရင်ဆိုင်ဖြေရှင်းနိုင်တယ်။

သူ့ဆူပူကြိမ်းမောင်းတာ တစ်ခါမှ မကြုံခဲ့ရဘူး။ သူကရိုးသားတယ်။ ဖြောင့်မတ်တယ်၊ တည်ကြည်တယ်။ သူ့လိုသိပ်ဖြစ်ချင်ခဲ့တယ်။ နောက်ဆရာကတော့ ဆရာကြီးဒေါက်တာခင်မောင်ကြည်၊ သူက ပါရဂူဘွဲ့ရထားသူ။ စာသိပ်တော်တယ်။ ပြုံးပြုံး ပြုံးပြုံးနဲ့သတ္တိရှိတယ်။ သူကဒေါက်တာဆိုတော့ ကိုယ်ကသိပ်အားကျခဲ့ရတာ။ ဌာနမှာရှိတဲ့ ဆရာမကြီးဒေါ်လှလှအောင်ကို ကျွန်တော်က ငယ်ငယ်ကတည်းကသိခဲ့ရတာ။ ဖခင်ဖြစ်သူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ စစ်သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ရင်း ဆရာမကြီးနဲ့ ဦးလှအောင်တို့ရဲ့ လက်ထပ်ပွဲကိုကြုံလိုက်ရတယ်။ ဆရာမကြီးက အမေရိကန်နိုင်ငံက ဘွဲ့လွန်ရထားသူ။ နောက်တစ်ဦးက ဆရာမကြီးဒေါ်ရီရီမြင့်၊ သူက ကျွန်တော့်ရဲ့ ကျောင်းသားဘဝကတည်းက ငေးကြည့်ရသူ။ ကျောင်းကို ကိုယ်တိုင်ကားမောင်းပြီးတက်တယ်။ နာမည်ကြီးတက္ကသိုလ်က အမ်ဘီအေဘွဲ့ကိုရခဲ့သူ။ ဆရာကြီး ဦးတင်ထွန်း၊ ဒေါ်ခင်သန်းကြွယ်၊ ဒေါက်တာခင်မောင်ကြွယ်၊ ဦးဆန်းမောင်၊ ဦးသိန်းအောင်၊ ဒေါ်ငွေတင်၊ ကျွန်တော့်ရဲ့ ဆရာမအရင်းတွေဖြစ်တဲ့ ဒေါ်ညွန့်ညွန့်ရီနဲ့ ဒေါ်လှမြင့်။ သူတို့တစ်တွေဟာ ကျွန်တော်ရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေပါ။

စီးပွားရေးတက္ကသိုလ်မှာ ဌာနကြီးသုံးခုရှိတယ်။ ဝါဏိဇ္ဇဗေဒဌာနမှာ ကျွန်တော်က အလုပ်လုပ်ပေမယ့် ကျန်တဲ့ ဘောဂဗေဒဌာနနဲ့ စာရင်းအင်းဌာနက ဆရာ ဆရာမတွေနဲ့ ရင်းနှီးတယ်။ အထူးသဖြင့် ပါမောက္ခချုပ်ဆရာကြီးဒေါက်တာ အေးလှိုင်၊ သူကကျွန်တော့်ကို သူ့နည်းသူ့ဟန်နဲ့စောင့်ရှောက်ခဲ့သူ။ ဆရာဒေါက်တာမောင်ရှိန်ကတော့ ကျွန်တော့်ရဲ့ Role Model စံပြပုဂ္ဂိုလ်။ ပထမနှစ်မောင်မယ်သစ်လွင်အခမ်းအနားမှာ ဆရာစင်မြင့်ပေါ်မှာ ထိုင်နေတဲ့မြင်ကွင်းကို အခုထိမြင်ယောင်နေမိတယ်။ ဆံပင်တိုတိုနဲ့ အသားဖြူဖြူ ကြည့်လို့သိပ်ကောင်းတယ်။ ဆရာကြီး ဦးသာတို့၊ ဆရာမကြီး ဒေါက်တာဒေါ်ညိုညို။ သူတို့တစ်တွေနဲ့ သိခွင့်ရခဲ့တယ်။ စာရင်းအင်းဌာနမှာတော့ ဆရာကြီးဒေါက်တာခင်မောင်ညွန့်၊ ဦးကိုကို၊ ဦးသက်လွင်၊ ဦးစောဝင်းသူတို့နဲ့ ရင်းနှီးခဲ့ရတယ်။

**စီးပွားရေးတက္ကသိုလ်မှာ အခုလိုဌာနကြီးသုံးခုရှိသလို မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာန၊ သင်္ချာဌာနနဲ့ ပထဝီဌာနတွေရှိကြတယ်။ ကျွန်တော်နဲ့အရင်းနှီးဆုံးဌာနကတော့ မြန်မာစာဌာန။ ဒီဌာနမှာ ဆရာမ ဒေါ်ယဉ်ယဉ်မြင့်၊ ဆရာဦးဇော်မြင့်၊ ပြီးတော့ကျွန်တော့်ရဲ့ အစ်ကိုတစ်ဦးလို နေခဲ့တဲ့၊ ခင်ခဲ့တဲ့ ဆရာဦးသက်လွင်။ သင်္ချာဌာနမှာတော့ ဒေါက်တာချစ်ဆွေကတော့ ဘာသာရပ်လေ့လာမှုတူတာမို့ ပိုပြီးခင်မင်ရတယ်။**

သင်ကြားရေးဌာနမှာ တာဝန်ယူတဲ့ ဆရာမတွေနဲ့ ရင်းနှီးခဲ့သလို အုပ်ချုပ်ရေးဌာန၊ မော်ကွန်းထိန်း ဦးစန်းရှိန်၊ အုပ်ချုပ်ရေးဌာနက ဦးအုန်းငွေ၊ အားကစားမှူး ဦးစိုးမြင့်၊ စာကြည့်တိုက်မှူး ဒေါ်ဟန်လင်းချို သူတို့တစ်တွေနဲ့ ကျွန်တော်ရင်းနှီးခဲ့ပါတယ်။

စီးပွားရေးတက္ကသိုလ်အကြောင်း ပြန်စဉ်းစားရင် တက္ကသိုလ်ရှေ့မှာရှိတဲ့ လက်ဖက်ရည်ဆိုင်တန်းကို မေ့လို့မရပါဘူး။ ကိုအောင်ရင်ရဲ့ လက်ဖက်ရည်ဆိုင်ကို စီးပွားရေးတက္ကသိုလ်ချစ်တဲ့သူတိုင်း သိပါတယ်။ ဒီလိုပဲ အအေးဆိုင်က ဦးရန်းဗလူးဆိုင်ကို မသိတဲ့သူတွေ မရှိကြပါဘူး။ အနှစ် (၅၀)ကျော်ကျော်စီးပွားရေးတက္ကသိုလ်မှာ ဖြတ်သန်းလာတဲ့ ဘဝခရီးကြီးက အရှည်ကြီးဖြစ်သလို ကျွန်တော့်ရဲ့ဘဝကို ပုံဖော်ပေးခဲ့တာလည်းဖြစ်ပါတယ်။

**အမိတက္ကသိုလ်လို့ တင်စားပြီး ပြောဆိုကြတယ်။ ကျွန်တော့်အဖို့ကတော့ ဒီအသုံးအနှုန်းဟာ ဦးနှောက်ထဲတင်မက ရင်ထဲမှာအပြည့်ရှိတဲ့အရာပါ။ အမိတက္ကသိုလ်ရဲ့ ကျေးဇူးတွေဟာ ဆပ်လို့ မကုန်နိုင်ပါဘူး။**

# ဒီမိုကရေစီကျင့်စဉ်တွင် လူသားတိုင်းအခွင့်အလမ်းများရယူနိုင်သည့်နည်းတူ လိုက်နာအပ်သောစည်းကမ်းများ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများရှိ

## ၁၅-၉-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားလှယ်က ဖတ်ကြားသည့်စာတမ်း

ယနေ့ကမ္ဘာ့ပေါ်ရှိ အချုပ်အခြာအာဏာပိုင် နိုင်ငံများအနက် ၆၇ ဒသမ ၇၃ ရာခိုင်နှုန်းရှိသောနိုင်ငံများက ဒီမိုကရေစီကျင့်စဉ်များ ကျင့်သုံးနေမှုကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ နိုင်ငံအစိုးရများက ဒီမိုကရေစီကျင့်စဉ်များကို မြှင့်တင်ပေးရန်နှင့် နိုင်ငံသူနိုင်ငံသားများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်နိုးကြားစေရန်အတွက်လည်းကောင်း၊ ဒီမိုကရေစီစနစ်မြှင့်တင်မှုကို ယခုအချိန်တွင် ဖော်ဆောင်နေသကဲ့သို့ အနာဂတ်ကာလတွင်လည်း ထာဝစဉ်ဖော်ဆောင်နေရန်လိုအပ်ကြောင်း နှိုးဆော်သတိပေးသည့် ရည်ရွယ်ချက်များဖြင့် ပါလီမန်အမတ်များသမဂ္ဂ (Inter-Parliamentary Union IPU)က နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ်သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများ ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်လျက်ရှိပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း ပါတီစုံဒီမိုကရေစီလမ်းစဉ်ကို ပြောင်းလဲကျင့်သုံးခဲ့တဲ့ ၂၀၁၁ ခုနှစ်မှစပြီး ပေါ်ပေါက်လာခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဦးဆောင်မှုနှင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားများက စတင်ကျင်းပလာခဲ့ရာ စတုတ္ထအကြိမ်ရောက်ရှိလာပြီဖြစ်ပါတယ်။

“ဒီမိုကရေစီ”ဟူသော ဝေါဟာရကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြပါတယ်။ မည်သို့ပင်ဖွင့်ဆိုကြစေကာမူ ဒီမိုကရေစီ၏ အရင်းအမြစ်မှာ ပြည်သူလူထုဖြစ်ပြီး ဒီမိုကရေစီ၏ ရည်မှန်းချက်မှာ ပြည်သူများ၏ အကျိုးစီးပွားဖြစ်ပါတယ်။ ပြည်သူများက လက်တွေ့ဆောင်ရွက်မည့်နည်းလမ်းအား ညှိနှိုင်းရွေးချယ်အဖြေရှာပြီး ပြည်သူများက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။

ဒီမိုကရေစီကိုအခြေခံသည့် လူ့ဘောင်တွင် ပြည်သူအားလုံးအတွေးအမြင်နှင့် လိုအင်များကို စုစည်း၍ လုပ်ငန်းစဉ်များ၊ စည်းကမ်းများသတ်မှတ်ကာ ပြည်သူများ၏ သာယာချမ်းမြေ့မှုကို အကောင်အထည်ဖော်ခြင်းသည် ဒီမိုကရေစီကျင့်စဉ်ဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးစီက နိုင်ငံသားများ၏ အရေးကို မိမိအရေးကဲ့သို့ သဘောထားပြီး အများ၏ဆန္ဒနှင့်အညီ ဖြေရှင်းပေးရန် တာဝန်ရှိကြမှာဖြစ်ပါတယ်။ ဆောင်ရွက်မှုတိုင်းတွင် အရေးအတွက်များနှင့် ဆုံးဖြတ်ခြင်းသည် အရေးပါသော နည်းလမ်းတစ်ခုဖြစ်သော်လည်း လူနည်းစုအမြင်ကိုလည်း လေးစားမှုရှိရန်လိုအပ်ပါတယ်။

နိုင်ငံ၏အရေးအရာများ ဆောင်ရွက်ရာတွင် ဒီမိုကရေစီကျင့်စဉ်သည် အထိန်းအကွပ်မဲ့သောကျင့်စဉ်မဟုတ်ပါ။ လူတစ်ဦးချင်းအပေါ် လေးစားမှု၊ လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားမှုတို့အပေါ် အခြေခံပါတယ်။ ဒီမိုကရေစီ ကျင့်စဉ်တွင်လူသားတိုင်းအခွင့်အလမ်းများရယူနိုင်သည့် နည်းတူ လိုက်နာအပ်သောစည်းကမ်းများ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများရှိနေသည်ကိုလည်း မမေ့လျော့အပ်ပါ။ ဒီမိုကရေစီရေးအတွက် နိုင်ငံသားတိုင်းတွင်တာဝန်ရှိပြီး တာဝန်သိရန်လိုအပ်သကဲ့သို့ တာဝန်ယူကြရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်စဉ်ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ကာလအပိုင်းအခြားတစ်ခုအတွင်း ပြီးမြောက်အောင်မြင်မှုများရှိနိုင်သကဲ့သို့ ရေရှည်ဆောင်ရွက်ကြရသော လုပ်ငန်းစဉ်များလည်း ရှိကြမည်ဖြစ်ပါတယ်။ စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်ကြီး ဖြစ်ပါတယ်။

ယနေ့နိုင်ငံအရေးအရာများအား ဦးဆောင်ဦးရွက်ပြုနေကြသူများသည် အတိတ်ကာလက လူငယ်များဖြစ်ကြပြီး ကိုယ်တိုင်လေ့လာသင်ယူမှု၊ ကြိုးစားအားထုတ်မှု၊ အတွေ့အကြုံရင့်ကျက်ပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်ကောင်းစေတနာမှန်ဖြင့် ဆောင်ရွက်ခဲ့ကြသူများ၏ လမ်းညွှန်မှုများဖြင့် ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသူများဖြစ်ကြပါတယ်။

နိုင်ငံတော်သစ်အား တစ်ဆင့်ချင်း ကြိုးပမ်းအကောင်အထည်ဖော်နေချိန်တွင် အနာဂတ်ကာလ ပခုံးပြောင်းတာဝန်ယူကြရမည့် လူငယ်များအနေနှင့် မွန်မြတ်သောစေတနာ၊ မှန်ကန်သောအသိ၊ ပကတိအခြေအနေနှင့် ကိုက်ညီသောနည်းလမ်းများဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ (၂၀၁၄)၏ ဆောင်ပုဒ်သည် (Engaging Youth On Democracy) ဒီမိုကရေစီဖော်ဆောင်ရေး၊ လူငယ်များဝိုင်းဝန်းဆောင်ရွက်ပေးဖြစ်ပါတယ်။ ဒီဆောင်ပုဒ်ဟာ အမြဲတမ်းဆောင်ရွက်နေကြရမည့် လုပ်ငန်းစဉ်ကြီးကို မမေ့လျော့ရအောင် အသိပေး နှိုးဆော်ထားခြင်းဖြစ်ပါတယ်။

“အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းက၊ လူမှုရေးအစ ပြည်သူ့နီတိက” ဆိုသကဲ့သို့ ငယ်ရွယ်စဉ်ကာလ ပညာသင်ကြားနေချိန်မှာ ဒီမိုကရေစီရဲ့ အခြေခံကျင့်ဝတ်များကိုလည်း သိရှိနိုင်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒါမှလည်း ဒီမိုကရေစီကျင့်စဉ်ကို အရုပ်ဆိုးအကျည်းတန်စေတဲ့လုပ်ရပ်များကို သိရှိနားလည်ပြီး ဒီမိုကရေစီရှင်သန်ရေးအတွက် လူငယ်များက ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။

မိမိတို့ပါတီအနေနဲ့ ဒီနေ့ကျင့်သုံးနေတဲ့ ပါတီစုံဒီမိုကရေစီကျင့်စဉ်၊ အသွင်ကူးပြောင်းရေးကာလမှာ နိုင်ငံတော် အစိုးရ၊ ပြုပြင်ပြောင်းလဲရေးကို အမှန်တကယ်လိုလားကြတဲ့ ပါတီအဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ခဲ့ကြသလို လက်ရှိကာလမှာလည်း နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေးအဖွဲ့၊ လုပ်ဖော်ကိုင်ဖက်ပါတီများ၊ လူငယ်များ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်တဲ့ ပြည်သူတစ်ရပ်လုံးနှင့်သာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျက်ရှိပါတယ်။ အနာဂတ်ကာလမှာလည်း မိမိတို့နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် မျှော်မှန်းချက်များ အောင်မြင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

ပြည်တွင်းသတင်း

# မြန်မာ့စီးပွားရေးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နယူးယောက် စက်တင်ဘာ ၂၈**

မြန်မာ့စီးပွားရေးတွင်အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကို နယူးယောက်မြို့ Orrick, Herrington & Sutcliffe ၌ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းကကျင်းပရာ အဆိုပါဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ခေါင်းဆောင်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ ဦးဇေယျာအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် ပြည်ပရောက်မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များတက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် အမေရိကန်ပြည်ထောင်စုမှ အမျိုးသမီးရေးရာဆိုင်ရာ Ambassador Melanne Verveer၊ ကမ္ဘောဇအုပ်စု၏ အမှုဆောင်ဒါရိုက်တာနှင့် Chair & Co-founder, Brighter Future Foundation Myanmar မှ ဒေါ်နန်းလန်ခမ်း၊ Inle Princess Co., Ltd.နှင့် Inthar Heritage House ထူထောင်သူ ဒေါ်ယဉ်မျိုးစု၊ Global Responsibility, Human Rights , Gap Inc. မှ Vice - President ဖြစ်သူ Wilma Wallace တို့က မြန်မာနိုင်ငံ၏စီးပွားရေးတွင် အမျိုးသမီးများ၏အခန်းကဏ္ဍပိုမိုကျယ်ပြန့်လာမှု၊ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် အခွင့်အလမ်းများ၊ မြန်မာလူမှုအဖွဲ့အစည်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအရေးပါမှု စသည်တို့ကို ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြသည်။ **(ဓာတ်ပုံ)**

ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လက်ရှိအစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားတွင် အမျိုးသမီးများအခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီးနောက် အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုဒုံမြို့ သမိုင်းဝင်ကန်တော်ကြီးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**မုဒုံ စက်တင်ဘာ ၂၈**


မွန်ပြည်နယ် မုဒုံမြို့ သမိုင်းဝင်ကန်တော်ကြီး စေတီတော်၏ အကြိမ် (၁၄၀) မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ သီတင်းကျွတ် မီးထွန်းပွဲတော်နှင့်အတူ ယဉ်ကျေးမှုအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက် ၇ နာရီတွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၆၈ ကျောင်း၊ သီလရှင်စာသင်တိုက် ၁၁ တိုက်တို့မှ ရဟန်း၊ သာမဏေ၊ သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၈၀၀ ခန့်တို့ကို မင်းတန်းရပ် မင်္ဂလာမဏ္ဍပ်မှ စတင်ကာ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ စာရေးတံမဲဖောက်လုပ်လှူဒါန်းခြင်း၊ ညပိုင်းတွင် စေတီတော်ရင်ပြင်၌ မြို့ပေါ်ဝတ်အသင်းအဖွဲ့များက သီတင်းကျွတ်မီးထွန်းပွဲတော်နှင့်အတူ ဆီမီး ၉၀၀၀ ထွန်းညှိ ပူဇော်ခြင်း၊ စေတီတော်တောင်ဘက်ပတ်လမ်း၌ ပျော်ပွဲရွှင်ပွဲဇာတ်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေခြင်းနှင့် ဈေးပွဲတော်ခင်းကျင်းရောင်းချခြင်းတို့ဖြင့် ဆင်နွှဲသွားမည်ဖြစ်သည်။

ကန်တော်ကြီးစေတီအရှေ့ဘက် သဘာဝကန်ကြီးရေကန် ရေပြင်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုများ ပါဝင်ဆင်နွှဲကြမည့် မြန်မာ့ရိုးရာလှေပြိုင်ပွဲကိုလည်း ဘုရားပွဲတော်ရက်များတွင် နှစ်စဉ်ကျင်းပမြဲတိုင်း အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်သည်။

"လှေလှော်ပြိုင်ပွဲ ကျင်းပတာဟာ ရင်းနှီးခင်မင်မှု ပိုမိုဖြစ်စေဖို့ရယ်၊ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ မတိမ်ကောသွားဖို့ရယ်နဲ့ လှေလှော်ပြိုင်ပွဲကတစ်ဆင့် စည်းလုံးညီညွတ်မှုရဲ့ သရုပ်သကန်ကို မျိုးဆက်သစ်လူငယ်တွေ အသိအမြင် တိုးပွားလာဖို့ ရည်ရွယ်ပြီး နှစ်စဉ်မပျက် သီတင်းကျွတ်လရောက်တိုင်း ကန်တော်ကြီးစေတီ ဗုဒ္ဓပူဇနိယပွဲတော်နဲ့အတူ ဒီလှေလှော်ပြိုင်ပွဲကို ကျင်းပတာ ဖြစ်ပါတယ်"ဟု မုဒုံမြို့ သမိုင်းဝင်ကန်တော်ကြီးစေတီ ဂေါပကအတွင်းရေးမှူး ဦးရွှေသိန်းကပြောသည်။ **ကိုချစ်(မုဒုံ)**

# အုပ်ချုပ်ရေးနှင့် အားကစားဆိုင်ရာကဏ္ဍများတွင် ပံ့ပိုးကူညီပေးနိုင်မည့်ကိစ္စများဆွေးနွေး



**ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဦးတင့်ဆန်း ဂျပန်နိုင်ငံ Chief Cabinet Secretary Mr. Yoshihide Suga နှင့် တွေ့ဆုံ ဆွေးနွေးစဉ်။** (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၈**

ဂျပန်နိုင်ငံ အားကစားကောင်စီ (Japan Sports Council) ၏ ဖိတ်ကြားချက်အရ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့သည် ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် ဂျပန်နိုင်ငံပညာရေး၊ သိပ္ပံနည်းပညာနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Toshiaki Endo နှင့်အဖွဲ့ဝင်များက OKURA Hotel ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက နည်းပညာ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဂျပန်အားကစားသိပ္ပံတက္ကသိုလ် (JISS) သို့ရောက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများက အားကစားဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ National Training Center သို့ သွားရောက်ပြီး အားကစားနည်း အမျိုးအစားအလိုက် နည်းပညာအသုံးပြု၍ လေ့ကျင့်နေမှု အခြေအနေများကို လေ့လာကြည့်ရှုကြသည်။

စက်တင်ဘာ ၂၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသော Raysum Co., Ltd နှင့် Mitsubishi Corporation တို့မှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ကြသည်။

စက်တင်ဘာ ၂၆ ရက်တွင် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်အိမ်တော်၌ Chief Cabinet Secretary Mr. Yoshihide Suga နှင့် တွေ့ဆုံခဲ့ပြီး အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် အားကစားဆိုင်ရာကဏ္ဍများတွင် ဂျပန်နိုင်ငံမှ ပံ့ပိုးကူညီပေးနိုင်မည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# အမျိုးသမီး မီးယပ်ကင်ဆာရောဂါကာကွယ်ရေး အသိပေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

အမျိုးသမီး မီးယပ်ကင်ဆာရောဂါကာကွယ်ရေး အသိပေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကိန်းဂဏန်းများအရ ကင်ဆာရောဂါအသစ်ဖြစ်ပွားသူ ၅ ဒသမ ၁ သန်းအနက် ၁၉ ရာခိုင်နှုန်းသည် အမျိုးသမီးမီးယပ်ကင်ဆာရောဂါများဖြစ်သည်ဟု သိရှိရကြောင်း၊ နှစ်စဉ် ၂ ဒသမ ၉ သန်းသော ကင်ဆာရောဂါကြောင့် သေဆုံးသူများသည်လည်း အမျိုးသမီးမီးယပ်ကင်ဆာရောဂါများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်သားကင်ဆာမှာ အမျိုးသမီးများတွင် အဖြစ်အများဆုံး ကင်ဆာရောဂါဖြစ်ပြီး သားအိမ်ခေါင်းကင်ဆာသည် ဒုတိယအဖြစ်အများဆုံး ကင်ဆာရောဂါဖြစ်သည်ဟု စာရင်းဇယားများတွင် ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ အမျိုးသမီးကင်ဆာအဆုံးသတ်ရေးလှုပ်ရှားမှုများတွင် လူထုတစ်ရပ်လုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်လာစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။



ထို့နောက် ဆေးတက္ကသိုလ် (၁) သားဖွားမီးယပ်ပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာမြသီတာက အမျိုးသမီးကင်ဆာရောဂါကာကွယ်ရေးအသိပေး အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးကင်ဆာရောဂါကာကွယ်ရေး အသိပေးပြခန်းငယ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဓာတ်ပုံ)**

**(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ ၂၈-၉-၂၀၁၄

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေဆက်လက် အားပျော့နေမည်ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားပျော့နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်ဖြစ်သည်။ **(မိုး/ဇလ)**



**တောင်ငူမြို့ ဈေးလမ်းရှိ ဓမ္မာရုံသီလရှင်စာသင်တိုက်မှ ပဓာနနာယက ဆရာကြီး ဒေါ်သုစန္ဒာ(ဂန္ထဝါစကပဏ္ဍိတ)နှင့်စာသင်သား သီလရှင်အပါး ၅၀ ကျော်တို့အား စက်တင်ဘာ ၂၆ ရက်က တောင်ငူမြို့နေ သမာဓိ မိခင်ကြီး ဒေါ်ဒေဝကီးဒေဝီ (ခ) ဒေါ်မေနှင်းဆီ၏ ၇၆ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ကုသိုလ်အဖြစ် သမာဓိမိသားစုက အာဟာရဒါနနေ့ဆွမ်း ကျွေးမွေးလှူဒါန်းစဉ်။** ကျော်လှ(တောင်ငူ)

## ပြည်တွင်းသတင်း

❖ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်သမ္မတသည် သဖန်းဆိပ်ရေလှောင်တမံ အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေအနေများကို မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လျှပ်စစ်ဓာတ်အားပေးစက်၊ စက်ရုံပုံစံငယ်နှင့် ပင်မထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သဖန်းဆိပ်ရေလှောင်တမံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးခင်ဇော်က သဖန်းဆိပ်ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားနိုင်မှု၊ ကာဘိုးရေလွှဲဆည်နှင့် ကင်းတပ်ရေလှောင်တမံတည်ဆောက်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှု၊ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံစိုက်ပျိုးနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ဆည်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆည်ပြင်ဆင် ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်၊ ဆည်များပျက်စီးရခြင်း အကြောင်းအရင်းများကို လေ့လာသုံးသပ်ပြီး ဆောင်ရန်ရှောင်ရန် အချက်များ ဖော်ထုတ်ဆောင်ရွက်သွားရန်၊ ဆည်အတွင်းမှ ရေယိုစိမ့်မှု မရှိစေရေး စောင့်ကြည့်သွားရန်၊ ဆည်အတွင်း ရေဝင်ရောက်သည့် လမ်းကြောင်းများ လိုက်လံကြည့်ရှုပြီး ပြုပြင်သင့်သည်များကို ပြုပြင်သွားရန်၊ ဆည်အတွင်း ငါးသားပေါက်များထည့်ရန်၊ ဆည်နှင့်ပတ်သက်သည့် ရေဝေရေလဲဧရိယာများတွင်သစ်ပင်သစ်တောများ ထိန်းသိမ်းထားရှိရန်၊ ဆည်အတွင်းမှ ထုတ်ပစ်လိုက်သည့်ရေကို အကျိုးရှိအောင် ပြန်လည်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ နွေရာသီတွင် လျှပ်စစ်ထုတ်လုပ်မှု၊ စိုက်ပျိုးရေပေးဝေမှုတို့အတွက် ရေကိုစနစ်တကျ ကြိုတင်တွက်ချက် စီမံဆောင်ရွက်သွားရန်၊ ရေသွယ်မြောင်းများကို ရေဆုံးရှုံးမှုမဖြစ်စေရန်အတွက် မြေသားမြောင်းများအစား ကွန်ကရစ်မြောင်းများပြုလုပ်သွားရန်၊ ရာသီဥတုဖောက်ပြန်မှုများရှိ၍ မမျှော်မှန်းနိုင်သော အခြေအနေများအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊ မိုးစပါးအပြင် နွေရာသီတွင် စပါးနှင့် ပဲတီစိမ်း၊ နှမ်း၊ ပြောင်းအစရှိသည့် တောင်သူများတွက်ခြေကိုက်သည့် အသီးအနှံများကို စိုက်ပျိုးသွားကြရန် လမ်းညွှန်မှာကြားသည်။

သဖန်းဆိပ်ရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်၌တည်ရှိပြီး ဇုန်အမျိုးအစား မြေသားတမံဖြစ်ကာ ကန်ရေပြည့်ရေလှောင်ပမာဏ ၂၈၈၀၀၀၀ ဧကပေရှိသည်။ ရေလှောင်တမံတည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ စိုက်ပျိုးရေ ဧရိယာဧက ၅၀၀၀၀၀ အား ရေပေးဝေနိုင်ရန်နှင့် အဆိုပါရေကို အသုံးပြု၍ နှစ်စဉ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၁၇ ဒသမ ၂ သန်းခန့်ထုတ်လုပ်ပြီး ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ရန် ဖြစ်ကြောင်း သိရသည်။

သဖန်းဆိပ် ရေလှောင်တမံကို ၁၉၆၉ ခုနှစ်တွင် ကုလသမဂ္ဂအစီအစဉ်ဖြင့် အီတလီနိုင်ငံ အီတာကွန်ဆပ် (Ital Consult) ကုမ္ပဏီက ပဏာမ စူးစမ်းလေ့လာတိုင်းတာရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး အသေးစိတ်ဒီဇိုင်း အစီရင်ခံစာကို ၁၉၇၂ ခုနှစ်တွင် ရေးသား ပြုစုခဲ့ကြောင်း၊ ၁၉၉၆-၁၉၉၇ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းစတင်ခဲ့ပြီး ၂၀၀၁ ခုနှစ် ဧပြီ ၁၇ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံသည် မြန်မာနိုင်ငံတွင် အကြီးဆုံးရေလှောင်တမံဖြစ်ပြီး မိုးစပါးစိုက်ဧက ၅၁၈၀၃၅ ဧကနှင့် နွေစပါးနှင့်အခြားသီးနှံစိုက်ဧက ၂၉၄၆၅၄ ဧက စုစုပေါင်း ၈၁၂၆၈၉ ဧကအတွက် စိုက်ပျိုးရေဖြန့်ဝေပေးနိုင်ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ကျေးရွာအုပ်စု ၃၆၉ အုပ်စု အိမ်ထောင်စု ၁၆၂၅၂၈ စုရှိ ပြည်သူလူထုရှစ်သိန်းကျော်ကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ် ရေလှောင်တမံရှိ လျှပ်စစ် ဓာတ်အားပေးစက်ရုံကို ၁၉၉၈ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဇွန်လ ၁၈ ရက်တွင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၄င်းစက်ရုံတွင် ၁၀ မဂ္ဂါဝပ် စက်သုံးလုံးဖြင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ကြောင်းနှင့် ယခုအခါ ၁၃၂ ကေဗွီဓာတ်အားလိုင်းဖြင့် ၄ုက်ပျော ဒိုင်းခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ပို့လွှတ်လျက်ရှိပြီး အနီးရှိ ကျေးရွာများသို့ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ကန့်ဘလူမြို့သို့ ရောက်ရှိပြီး မဟာရွှေစည်တော်ကြီးစေတီတော် ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ် စံပယ်တော်မူလျက်ရှိသည့် မဟာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ဆီမီး၊ ရေချမ်း ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြို့နယ် သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇဝန အမှူးပြုသော ဆရာတော်သံဃာတော်များကို ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကန့်ဘလူမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကန့်ဘလူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေ၊ တရားဥပဒေစိုးမိုးမှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိရေး၊ ပြည်သူများ လူမှုစီးပွားဘဝတိုးတက်မှုရှိစေရေး၊ ဖြစ်ပေါ်လာသည့် အခက်အခဲပြဿနာများကို မြို့နယ်ကတာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ညှိနှိုင်းဖြေရှင်းကြရေး ဆွေးနွေးမှာကြားခဲ့သည်။

မြို့မိမြို့ဖများ၏ တင်ပြချက်အရ ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ သံဃာ့ဆေးရုံ ဆောက်လုပ်ရန်အတွက် နိုင်ငံတော်အစိုးရက ငွေကျပ် သိန်း ၂၅၀ ထောက်ပံ့ခဲ့သည်။ ထို့အပြင် ရွှေနဂါးမင်းကုမ္ပဏီကလည်း မီးသတ်ယာဉ် တစ်စီးနှင့် မီးသဂြိုဟ်စက်အတွက် ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကန့်ဘလူမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကန့်ဘလူမြို့ မဟာရွှေစည်တော်ကြီးစေတီတော်အတွက် အလှူငွေ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သဖန်းဆိပ် ရေလှောင်တမံအနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

* *ကျောဖုံးမှ*

ကျွန်တော်တို့ဆီက လူတွေလည်း ပါဝင်ပါတယ်။ လက်ရှိအချိန် အထိ အဆက်အသွယ်ဘာမှ မရသေးပါဘူး။ တပ်မတော်(လေ)ကလည်း အများကြီး ကူညီရှာဖွေပေးနေတယ်။ ဒေသခံတွေဆိုလည်း ရိုးသားစွာနဲ့ အပင်ပန်းဆင်းရဲခံပြီး လာကူညီကြတယ်။ သူတို့ဒေသကို လူတွေသိရှိပြီး တိုးတက်ဖွံ့ဖြိုးဖို့အတွက် တောင်တက်သမားတွေက တက်ရောက်ကြတယ်။ အခုသူတို့ကို ကယ်ဆယ်ရင်း ကျွန်တော်တို့ကြုံနေရတဲ့ အခက်အခဲတွေကို သူတို့အားနာနေကြပုံရတယ်။ ရာသီဥတုကလည်း အလွန်ဆိုးရွားတယ်။ ကျွန်တော်အခု အခြေစိုက်စခန်းကို ရောက်နေတာ နှစ်ရက်ရှိပါပြီ။ နေကိုမြင်ရဖို့တောင် မလွယ်ပါဘူး။ နမားဂျွန်ဆင်တို့ပြောပုံအရ တောင်ပေါ်မှာလည်း အလွန်ဆိုးရွားတဲ့ ရာသီဥတု ဖြစ်နေတယ်လို့သိရတယ်။ ဒါပေမယ့် ဘယ်လောက်အခက်အခဲရှိရှိ ဆက်လုပ်သွားမှာပါ။ ဒေသခံတွေနဲ့ တပ်မတော်က ကူညီပေးနေလို့ အများကြီး အထောက်အကူဖြစ်ပါတယ်”ဟု ဦးတေဇက ပြောကြားသည်။

ရှာဖွေရေးအဖွဲ့က စက်တင်ဘာ ၂၇ ရက်တွင် ပျောက်ဆုံးတောင်တက်သမားနှစ်ဦး၏ ခရီးဆောင်အိတ်အပြာကို ပေပေါင်း ၁၇၆၀၀ ခန့်တွင် ရှာဖွေတွေ့ရှိထားခဲ့ပြီး ယင်းနေ့တွင် ကယ်ဆယ်ရေးအဖွဲ့သို့ ရိက္ခာသွားရောက်ပို့ဆောင်သည့် ဘီဖိုးရဟတ်ယာဉ်မှာ အဆက်အသွယ် ပြတ်တောက်ခဲ့သည့်အတွက် ရဟတ်ယာဉ်များဖြင့် ယနေ့တစ်နေ့ကုန်ရှာဖွေခဲ့သော်လည်း အဆက်အသွယ်မရရှိသေးပေ။

ထူးဖောင်ဒေးရှင်းမှ ကယ်ဆယ်ရေးရဟတ်ယာဉ် အဆက်အသွယ်ပြတ်တောက်နေခဲ့သည့် အတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် နိုင်ငံတော်သမ္မတရုံးသို့လည်း ဆက်သွယ်အကြောင်းကြားထားပြီး ဖြစ်ကြောင်း ထူးဖောင်ဒေးရှင်း ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

“နှင်းထုက အချို့နေရာမှာ ခါးအထိ နစ်မြုပ်နေပါတယ်။ အနည်းဆုံးသုံးပေခန့်ရှိပါတယ်။ သို့သော်လည်း မြေပြင်ရော ဝေဟင်ရော ကယ်ဆယ်ရေးတွေ ဆက်လက်လုပ်ဆောင်နေတယ်” ဟု ဦးတေဇက ဖြေကြားသည်။

# မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုဂုဏ်ပြု

**ရန်ကုန် စက်တင်ဘာ ၂၈**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၅၀)ပြည့် ရွှေရတုမြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၇၀ နှင့် စည်းကမ်းထိန်းသိမ်းရေးဥက္ကဋ္ဌ ဒေါ်နုနုသွင် ဦးစီးသော မိသားစုဝင် ၅၀ စုစုပေါင်း ၁၂၀ တို့က စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီမှစတင်၍ ဗုဒ္ဓစွယ်တော်မြတ်စေတီတော် ရင်ပြင်ပရိဝုဏ် အတွင်း အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ **(၀၁၅)**

# MNL အမှတ်ပေးပြိုင်ပွဲ ချန်ပီယံရတနာပုံအသင်း ဆုဖလား လက်ခံရယူ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် စက်တင်ဘာ ၂၈**

MNL Myanmar 2014 အမှတ်ပေး ဘောလုံးပြိုင်ပွဲပွဲစဉ် (၂၂)၏ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

သုဝဏ္ဏကွင်း၌ ရတနာပုံနှင့် ဆောက်သမ်းတို့ ကစားရာ နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

ချန်ပီယံ ရတနာပုံအသင်း၏ ရာသီပိတ်ပွဲသည် နောက်ကျဂိုးကြောင့် သရေဖြင့်သာ အဆုံးသတ်ခဲ့သည်။ တန်းဆင်းသွားရပြီဖြစ်သည့် ဆောက်သမ်းအသင်းသည် ရာသီကုန်ပွဲစဉ်များတွင် ရလဒ်ကောင်းရရှိရေးအတွက် ကြိုးပမ်းခဲ့ပြီး နှစ်ပွဲဆက် ရလဒ်ကောင်းရယူနိုင်ခဲ့သည်။

ရတနာပုံအသင်းသည် ပွဲပယ်ခံထားရသည့်ဖွန်ဆီကာမှလွဲ၍ လူစုံပါဝင်ခဲ့သော်လည်း ပထမပိုင်းတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ဆောက်သမ်းအသင်းက ၂၆ မိနစ်တွင် သွင်းယူသော စိုးမြတ်သူ၏ ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရတနာပုံကစားပုံ ပြန်ကောင်းလာပြီး ကွင်းလယ်လူ မက်ဆီမင်က ၄၈ မိနစ်နှင့် ၅၄ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူခဲ့သည်။ ဆောက်သမ်းအသင်း သရေရရစေမည့် ချေပဂိုးကို ပွဲပြီးခါနီးတွင် ရှိတာဂိုက သွင်းယူခဲ့သည်။

၂၀၁၄ MNL အမှတ်ပေးပြိုင်ပွဲသည် ပြီးဆုံးသွားခဲ့ပြီဖြစ်ပြီး ရတနာပုံအသင်းက ပထမ၊ ရန်ကုန်အသင်းက ဒုတိယ၊ ကမ္ဘောဇအသင်းက တတိယ အသီးသီးရရှိကာ အမှတ်အနည်းဆုံးရရှိ သည့် ဆောက်သမ်းအသင်းနှင့် GFA အသင်းတို့သည် တန်းဆင်းသွားခဲ့ရပြီဖြစ်သည်။ အမှတ်ပေး ချန်ပီယံ ရတနာပုံအသင်းနှင့် ရှုံး/ထွက် ချန်ပီယံဧရာဝတီအသင်းတို့သည် ၂၀၁၅ AFC Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

YUSC ကွင်း၌ ကစားသည့် ရန်ကုန်နှင့် မကွေးပွဲတွင် ရန်ကုန်က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်သည်။

အောင်ဆန်းကွင်း၌ကစားသည့် GFA နှင့်မနောမြေပွဲတွင် GFA က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်သည်။

ရတနာပုံအသင်းနှင့် ဆောက်သမ်းအသင်းတို့ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ချန်ပီယံ ရတနာပုံအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေ ကျပ်သိန်း ၁၀၀၀နှင့် ဆုဖလားတို့ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**



ပြည်တွင်းသတင်း

# အကြမ်းဖက်မှုနှင့် လူသားမဆန်အပြုအမူများကာကွယ်တားဆီးရန် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းနှင့် ပူးပေါင်းလုပ်ဆောင်ရန်ကတိကဝတ်ပြု

နယူးယောက်  စက်တင်ဘာ  ၂၈

**အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌ စက်တင်ဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အဆိုပါ အစည်းအဝေးတွင် အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့၌ ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်လုပ်ရပ်များနှင့် လူသားမဆန်စွာ ပြုမူဆောင်ရွက်မှုများကို လုပ်ဆောင်နေသည့် အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်များအပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။**

**အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့၌ ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်လုပ်ရပ်များနှင့် လူသားမဆန်စွာ လုပ်ဆောင်နေသည့် အစွန်းရောက်အဖွဲ့အစည်းများ၏ လုပ်ရပ်များကြောင့် အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံများရှိ ပြည်သူများသာမက အရှေ့အလယ်ပိုင်းရှိ နိုင်ငံများအားလုံးအပါအဝင် ကမ္ဘာတစ်ဝန်းလုံးကို ခြိမ်းခြောက်လျက်ရှိသည်ကို ထုတ်ဖော်ပြောကြားအပ်ပါသည်။

အာဆီယံအနေဖြင့် ယင်းကဲ့သို့သော လုပ်ရပ်များဖြစ်သော ဖျက်ဆီးမှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့် ထိတ်လန့်ချောက်ချားဖွယ် လုပ်ဆောင်မှုများအားလုံးကို ပြင်းထန်စွာရှုတ်ချပြီး အကြမ်းဖက်မှုကာကွယ်တားဆီးရေး၊ အကြမ်းဖက်မှုများ၏ မူလအရင်းအမြစ်ဖြိုခွဲသွားရေး၊ အကြမ်းဖက်မှုကွန်ရက်နှင့် ငွေရေးကြေးရေးထောက်ပံ့ပေးသည့်လမ်းကြောင်းများကို ဖျက်ဆီးသွားရေးတို့ကို ရည်ရွယ်သည့် အာဆီယံအကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် အာဆီယံအကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာ အလုံးစုံလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်ပြုမှုများကို ထပ်လောင်းပြောကြားအပ်ပါသည်။

အာဆီယံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်သည့် နိုင်ငံရပ်ခြားသို့ အကြမ်းဖက်သမားများ သွားလာခြင်းနှင့် ယင်းအကြမ်းဖက်အဖွဲ့အစည်းများအား ငွေရေးကြေးရေးထောက်ပံ့မှုနှင့် ထောက်ပံ့သူများကို တားဆီးရေး၊ လူသစ်စုဆောင်းရှာဖွေရေး၊ အဖွဲ့အစည်းများဖွဲ့စည်းရေး၊ အကြမ်းဖက်တိုက်ခိုက်မှုကို လုပ်ဆောင်ရန်(သို့မဟုတ်) ယင်းအကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ဆောင်ရွက်ရန်(သို့မဟုတ်)အကြမ်းဖက်မှုဆိုင်ရာ သင်တန်းများကိုပို့ချရန်(သို့မဟုတ်)သင်ယူရန်ရည်ရွယ်ချက်ဖြင့် မိမိနိုင်ငံမှတစ်ဆင့် အခြားနိုင်ငံတစ်ခုသို့ သယ်ယူပို့ဆောင်ခြင်း(သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ပို့ဆောင်ပေးခြင်း၊ ၎င်းတို့ခရီးသွားလာမှုနှင့် လုပ်ရှားမှုများအတွက် ငွေရေးကြေးရေးထောက်ပံ့မှုပေးခြင်းတို့ကို တိုက်ဖျက်ရန် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်း၏ အာရုံစိုက်မှုရယူသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၁၇၀(၂၀၁၄)နှင့် ၂၁၇၈ (၂၀၁၄) ကို ထောက်ခံအပ်ပါသည်။

အာဆီယံသည် အစွန်းရောက်မှု၊ မူလအရင်းအမြစ်နှင့် အကြမ်းဖက်တိုက်ခိုက်မှုများ တိုက်ဖျက်ရေးတို့ကို ကမ္ဘာလုံးဆိုင်ရာ အလယ်အလတ်လမ်းစဉ်လှုပ်ရှားမှုကိုတိုးမြှင့်ခြင်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာဥပဒေ (သို့မဟုတ်) ကုလသမဂ္ဂပဋိညာဉ်စာတမ်းတို့နှင့်အညီ အကြမ်းဖက်မှုနှင့်လူသားမဆန်အပြုအမူများတို့ကို ကာကွယ်တားဆီးရန် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းနှင့် အတူတကွ ပူပေါင်းဆောင်ရွက်၍ လုပ်ဆောင်သွားရန် ကတိကဝတ်ပြုမှုများကို ထပ်မံပြုအပ်ပါသည်။

အာဆီယံအနေဖြင့် အကြမ်းဖက်မှု၊ အစွန်းရောက်မှုနှင့်မူလအရင်းအမြစ် အဖွဲ့အစည်းများ မည်သည့်နေရာတွင်မဆို ပေါ်ပေါက်လာသည်ဖြစ်စေကာမူ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းနှင့် ညီညွတ်စွာပူးပေါင်းဆောင်ရွက်ကာ ဆန့်ကျင်တိုက်ခိုက်သွားရေးသည် လွန်စွာအရေးကြီးကြောင်း ဆုံးဖြတ်အပ်ပါသည်။

# ဓနုဖြူမြို့နယ် မွေးမြူရေးပညာပေး သင်တန်းကျောင်း လွှဲပြောင်းပေးအပ်

**ဓနုဖြူ စက်တင်ဘာ ၂၈**

ဓနုဖြူမြို့နယ် စက်တုချောင်းလေး ကျေးရွာအုပ်စု စက်တုကျေးရွာ၌ စက်တင်ဘာ ၂၆ ရက်က သီလရှင်ဆရာလေး ဒေါ်ပညာနန္ဒီ၏ ဦးဆောင်မှုဖြင့် ဆမ်ဒေါင်းပညာရေးဖောင်ဒေးရှင်း ကိုရီးယား(KOICA) အဖွဲ့၏ တာဝန်ရှိသူ Mr.Kim Tae Hoi မှ ချောင်းလေးကျေးရွာတွင် မတည်မွေးမြူစေသည့် နွားအကောင်ရေ ၅၀ ကို ထိန်းသိမ်းမွေးမြူရေးအတွက် ပညာပေးသင်တန်းပို့ချသွားရန် သင်တန်းကျောင်းလွှဲပြောင်း ပေးအပ်လှူဒါန်းပွဲ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံ/စီးပွားဝန်ကြီး ဦးလှခိုင်က အမှာစကားပြောကြားပြီး ဆမ်ဒေါင်းပညာရေးစင်တာမှ တာဝန်ရှိသူက မတည်လှူဒါန်းခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒေသခံ ဦးစန်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူရှင်များကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါ ကိုရီးယားနိုင်ငံ ဆမ်ဒေါင်းပညာရေးစင်တာမှ နွားမွေးမြူရန် မတည်ရာတွင် ဆင်းရဲနွမ်းပါးသူများအား ဦးစွာ နွားအကောင်ရေ ၅၀ မတည်မွေးမြူစေပြီး ဆက်လက်၍ ရွာလုံးကျွတ်မွေးမြူနိုင်ရေး စီစဉ်ပေးသွားမည်ဖြစ်ပြီး နွားတစ်ကောင်မွေးမြူသူသည် နွားသားပေါက်လျှင် တစ်ကောင်နှုန်း ကျေးရွာကော်မတီသို့ ပေးအပ်ရမည်ဖြစ်ပြီး ကျေးရွာကော်မတီမှ ၇၀ ရာခိုင်နှုန်းကို ပညာရေးအတွက် ဆက်လက်မတည်ရန်၊ ရန်ပုံငွေအဖြစ် သုံးစွဲရန်နှင့် ၃၀ ရာခိုင်နှုန်းကို ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် သုံးစွဲသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တိုင်းရင်းသားလူငယ်များကို ထူးချွန်ထက်မြက်သည့်လူငယ်များဖြစ်အောင် သင်ကြားလေ့ကျင့်ပေး

**ရန်ကုန် စက်တင်ဘာ ၂၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ရှိ ကျောင်းသားအိပ်ဆောင်များနှင့် ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ သင်ကြား/စီမံဝန်ထမ်းများနှင့် တွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်နှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ရည်မှန်းချက်(၂)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒီဂရီကောလိပ်(ရန်ကုန်)ရှိ သင်ကြား/စီမံဝန်ထမ်းများမှ တိုင်းရင်းသားလူငယ်များကို ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်အောင် သင်ကြားလေ့ကျင့်ပေးကြရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် သင်ကြား/စီမံ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ငွေကျပ် ၂၀၃၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ■ ရှေ့ဖုံးမှ

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။

ထို့အပြင် လေကြောင်းထိန်းသိမ်းရေးတာဝါမှ ရန်ကုန်လေဆိပ်သာမက မြန်မာတစ်နိုင်ငံလုံးမှ လေကြောင်းဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ နည်းပညာများဖြင့် ထိန်းချုပ်ကွပ်ကဲလျက်ရှိပြီး လေဆိပ်များအားလုံး၏ စံချိန်စံညွှန်းနှင့် တည်ဆောက်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက ပြောကြားသည်။

ထို့အပြင် အဆိုပါဌာနမှ မြို့ပြလေကြောင်း သယ်ယူပို့ဆောင်ရေးတွင် စည်းမျဉ်းများ ချမှတ်စစ်ဆေးကြီးကြပ်ခြင်းလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပူးပေါင်းလုပ်ကိုင်ပေးလျက်ရှိပြီး လေကြောင်းဆိုင်ရာ မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊ စံသတ်မှတ်ချက်များကို နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ရေးဆွဲပြဋ္ဌာန်းလျက်ရှိသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်အပါအဝင် နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်များအပြင် နယ်မြို့များမှ လေယာဉ်ကွင်းပေါင်း ၃၀ တို့အားလည်း အဆင့်မြှင့်တင်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေကြောင်းဆိုင်ရာ အတတ်ပညာ သင်တန်းများကိုလည်း နိုင်ငံတကာသင်တန်းကျောင်းများနှင့် ချိတ်ဆက်ကာ သင်ကြားပေးနေသည့် လေကြောင်းပညာသိပ္ပံအား အဆင့်မြင့်ပညာရပ်များ သင်ကြားပို့ချနိုင်ရေး ကြိုးပမ်းလျက်ရှိပြီး ၂၀၁၅ ခုနှစ်အတွင်း သီးခြားရပ်တည်နိုင်သည့် အဆင့်မြင့် သင်ကြားရေးကျောင်းတစ်ခုအဖြစ် ကြိုးပမ်းလျက်ရှိကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

မြန်မာ့လေကြောင်း လက်အောက်နှင့် ပုဂ္ဂလိကလေကြောင်းလိုင်းများမှ လေကြောင်းဆိုင်ရာ အင်ဂျင်နီယာများ၊ လေယာဉ်မှူးများကိုလည်း နိုင်ငံတကာသင်ရိုးများနှင့်အညီ ပြည်တွင်းပြည်ပသင်တန်းများ ပို့ချပေးလျက်ရှိပြီး အင်္ဂလိပ်စာအရည်အသွေး သတ်မှတ်ချက်ကိုလည်း အဆင့်ခြောက်ဆင့်ခွဲခြားကာ အဆင့် ၄ အောင်မြင်ပြီးသူများသာ လေယာဉ်မှူးလိုင်စင် ထုတ်ပေးလျက်ရှိသည်။

ထို့အပြင် ပုဂ္ဂလိကလေကြောင်းလိုင်းများကိုလည်း ခွင့်ပြုပေးထားရာ ယခုအခါ လေကြောင်းလိုင်း ခုနစ်လိုင်းခန့်ရှိလာပြီဖြစ်သည်။ လက်ရှိတွင် မြန်မာ့လေကြောင်း၊ အဲပုဂံလေကြောင်း၊ ရန်ကုန်လေကြောင်း၊ အဲမန္တလေးလေကြောင်း၊ အာရှတောင်ပံများလေကြောင်း၊ အဲကမ္ဘောဇလေကြောင်း၊ ရွှေမြန်မာလေကြောင်းနှင့် မန်းရတနာပုံ လေကြောင်းလိုင်းတို့ဖြစ်ကြောင်း သိရသည်။ ထို့အပြင် လေကြောင်းဖြတ်သန်းသွားလာမှုများတွင် ၂၀၁၁ ခုနှစ်အတွင်း လေယာဉ်စင်းရေ ၁၅၀၇၅၆ စင်းသာ ဖြတ်သန်းခဲ့ရာမှ ယခုအခါ ၇ ရာခိုင်နှုန်းကျော် တိုးတက်များပြားလာပြီး အစင်းရေနှစ်သိန်းကျော် ဖြတ်သန်းလျက်ရှိကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**



**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေကြောင်းထိန်းသိမ်းရေးတာဝါမှ လေကြောင်းဆိုင်ရာထိန်းသိမ်းမှုများကို နိုင်ငံတကာအဆင့်မီနည်းပညာများဖြင့် ထိန်းချုပ်ကွပ်ကဲနေသည်ကို တွေ့ရစဉ်။** တင်စိုး(မြန်မာ့အလင်း)

# သာယာဝတီတွင် မိုးရာသီသစ်ပင်စိုက်ပျိုး

**သာယာဝတီ စက်တင်ဘာ ၂၈**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် လူမှုအသိပညာပေးဟောပြောပွဲကို သာယာဝတီမြို့ မင်းတဲလမ်း ဓမ္မရိပ်သာကျောင်းရှေ့၌ စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစန်းလှိုင် တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲ၊ သစ်တောဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း၊ ဦးစီးအရာရှိ ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တက်ရောက်လာကြသော လူထုပရိသတ်များ စုစုပေါင်း၂၃၅ ဦးတို့က ကျွန်း၊ ယင်းမာ၊ မဟော်ဂနီ၊ ပိတောက်၊ ပျဉ်းကတိုး၊ ဖက်သန်း စသည့်သစ်ပင်မျိုးစုံ အပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသစ်ပင်စိုက်ပျိုးပြုစု ထိန်းသိမ်းခြင်းဆိုင်ရာအကြောင်းကို ဦးစီးအရာရှိ ဦးဝင်းနိုင်က ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **သက်ထက်**

# စီးရီးအေပွဲစဉ်(၅) အင်တာတို့ရှုံးပွဲကြုံ၊ အေစီသရေကျ

**မီလန် စက်တင်ဘာ ၂၈**

စီးရီးအေပွဲစဉ်(၅) အဖြစ် စက်တင်ဘာ ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်သည့်ပွဲများတွင် နာမည်ကြီး အင်တာမီလန်က အိမ်ကွင်း၌ ကက်ဂလီယာလီကို လေးဂိုး-တစ်ဂိုးဖြင့် အရှုံးကြီး ရှုံးခဲ့သည်။ နည်းပြသစ်အဖြစ် အင်ဇာဂီကိုင်တွယ်သော အေစီမီလန်အသင်းမှာလည်း အဝေးကွင်း၌ ဆီစီနာကို တစ်ဂိုးစီသရေကျခဲ့သည်။ အိမ်ရှင်အတွက် ဆူစီက ၁၀ မိနစ်တွင် ဂိုးသွင်းယူပေးပြီး အေစီမီလန်အတွက် ချေပဂိုးကို ၁၉ မိနစ်တွင် ရာမီက သွင်းယူပေးသည်။ ပထမပိုင်းအပြီး တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင်လည်း ဂိုးထပ်မံမသွင်းနိုင်ဘဲ ၇၃ မိနစ်တွင် အေစီမီလန်မှ ဇာပါတာ အနီကတ်ဖြင့် အထုတ်ခံခဲ့ရသည်။ အခြားပွဲစဉ်အဖြစ် တိုရီနိုနှင့် ဖီအိုရင်တီးနားတို့ပွဲမှာ တစ်ဂိုးစီသရေကျသည်။

စပိန်လာလီဂါ(၆)ပွဲစဉ်တွင် ဂီတာဖေးက မာလာဂါကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ **သီဟ-ရေးသည်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကျေးရွာများတွင် ရန်ပုံငွေများတည်ထောင်ပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံသားငါးကဏ္ဍဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ရက် မွန်းလွဲ ၁ နာရီက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနၡ ကျင်းပရာ **(ယာပုံ)** ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးရွာများတွင် အရင်းမပျောက် လှည့်ပတ်ရန်ပုံငွေများ မတည်တည်ထောင်ပေးပြီး ကျေးရွာများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။



မြန်မာနိုင်ငံမှ ပြည်ပသို့တိရစ္ဆာန်များတင်ပို့ရောင်းချမှု၊ ဒေသန္တရမျိုးများကို အသားတိုးနွားအဖြစ် ကျွေးမွေးပြုပြင် တင်ပို့မှုနှင့်ပတ်သက်၍ လိုအပ်သည့် နည်းပညာအကူအညီများ၊ ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထောက်ပံ့ ကူညီပေးမည်ဖြစ်သကဲ့သို့ နယ်စပ်ဒေသများတွင် တိရစ္ဆာန်ရောဂါကင်းရှင်းရေးဇုန်များ၊ မွေးမြူရေးဇုန်များဖော်ထုတ်ပြီး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အရည်အသွေးမီ၍ တန်ဖိုးသက်သာသောအစာများ ထုတ်လုပ်နိုင်ရေးအတွက် အစာထုတ်လုပ်သူများကို တောင်သူများနှင့် ကန်ထရိုက်စနစ် ဆောင်ရွက်နိုင်ရေး ရင်းနှီးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း၊ အစာထုတ်လုပ်သူများအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ရရှိစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများထုတ်ချေး၍ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း(CDD Project) ဆောင်ရွက်နေမှု၊ နယ်စပ်ဖြတ်ကျော်တိရစ္ဆာန်ရောဂါများ၊ တိရစ္ဆာန်အစာတင်သွင်းခြင်း၊ ငါးမွေးမြူရေးနှင့် ငါးစာထုတ်လုပ်ခြင်း၊ မြန်မာနိုင်ငံ သားသတ်လုပ်ငန်းရှင်များနှင့် ပတ်သက်၍ တည်ဆဲဥပဒေများမှ အချက်အလက်များအား ဖြေလျှော့ပေးရေးဆိုင်ရာကိစ္စရပ်များ၊ တရားမဝင်အသားများ တင်သွင်းမှုနှင့်ပတ်သက်၍ အတွေ့အကြုံနှင့်အခက်အခဲများ၊ ဆီထွက်သီးနှံကုန်ကြမ်းများမှ တိရစ္ဆာန်အစာထုတ်လုပ်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးမှတိရစ္ဆာန်ရောဂါကင်းရှင်းရေးဇုန်များ(Disease Free Zone) တည်ထောင်၍ ပြည်တွင်းပြည်ပမှ ဥပဒေနှင့်အညီ တိရစ္ဆာန်များဝယ်ယူမွေးမြူ၍ တရားဝင် ပြည်တွင်းပြည်ပသို့ လွတ်လပ်စွာရောင်းချခွင့်ပြုရေး၊ စိုက်ပျိုးမရသောမြေများကို မွေးမြူရေးမြေများအဖြစ် ခွင့်ပြုရေး၊ မွေးမြူရေးအရင်းအနှီးများ ထုတ်ပေးရေး၊ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Meat Board) ဖွဲ့စည်းပေးရေး၊ အရည်အသွေးမီ၍ တန်ဖိုးသက်သာသော အစာများထုတ်လုပ်နိုင်ရေးအတွက် အစာထုတ်လုပ်သူများကို တောင်သူများနှင့် ကန်ထရိုက်စနစ် ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးငွေများ ထုတ်ပေးရေး၊ စားသုံးသူနှင့် ဈေးကွက်လိုအပ်ချက်အရ နိုင်ငံတကာအဆင့်မီသော အစားအစာ ဘေးကင်းလုံခြုံသည့် အမဲသား၊ ကြက်သားများနှင့် ကျေးလက်ဒေသနေ ပြည်သူများအတွက် အာဟာရအဖြစ် အသုံးပြုနိုင်သော ကြက်ခေါင်း၊ ကြက်ခြေထောက်၊ ကြက်တောင်ပံများ တင်သွင်းခွင့်ပြုရေး အစရှိသည့် အလုပ်ရုံဆွေးနွေးပွဲရလဒ်များ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်းနှင့် အသုံးချမှုအား အသိပေးခြင်းဆိုင်ရာပညာရပ်ပို့ချ

**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်းနှင့် Myanmar Tourist Guides Association တို့က ဧည့်လမ်းညွှန်သင်တန်းသားသင်တန်းသူများအတွက် ပူးပေါင်းပြုလုပ်သော ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အသုံးချခြင်းများအား အသိပေးခြင်းဆိုင်ရာ ပညာရပ်ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ စက်တင်ဘာ ၂၇ ရက် နှင့် ၂၈ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ဧည့်လမ်းညွှန်သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၃ ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းကာလ နှစ်ရက်တာ၌ မှန်စီရွှေချလုပ်ငန်းဆိုင်ရာအကြောင်းများ၊ ဗုဒ္ဓဘာသာနှင့် ရှေးဟောင်းသုတေသန ဆက်စပ်မှုဆိုင်ရာ အကြောင်းအရာများ၊ မြန်မာနိုင်ငံအောက်ပိုင်းတွင် တွေ့ရှိရတတ်သည့် ရှေးဟောင်းကြွေထည်၊ မြေထည်ပစ္စည်းအကြောင်းအရာများ၊ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှုအကြောင်းအရာများ၊ ရှေးဟောင်းသုတေသနပညာနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံအတွင်းရှိနေသည့် ယဉ်ကျေးမှုအမွေအနှစ် ဒေသများအကြောင်းကို ပို့ချခဲ့သည်။

**သင်ကြားပို့ချ**

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်းတွင် မြန်မာနိုင်ငံသုတေသနပညာဌာနမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၀ ရှိနေကြောင်း သိရပြီး လာမည့် အောက်တိုဘာလကုန်၌ အသင်းဝင်ကျောင်းသားကျောင်းသူများအား ကောင်းကင်ဓာတ်ပုံရိုက်ခြင်းဆိုင်ရာ ပညာရပ်များ၊ GPS အသုံးပြုပုံ နည်းလမ်းများ၊ မြေပုံနှင့် ဘာသာရပ်ဆိုင်ရာများကို သင်ကြားပို့ချရန် စီစဉ်ထားကြောင်း သိရသည်။

**တင်လှမောင်**




# ရင်ပူရမယ့် လီဗာပူး၊ ရင်မောရမယ့် အာဆင်နယ်တို့ရဲ့ ချန်ပီယံလိဂ် ပွဲစဉ်(၂)

ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်(၂)ကို အောက်တိုဘာ ၁ ရက်နဲ့ ၂ ရက်တို့မှာ ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ အာဆင်နယ်၊ လီဗာပူး၊ ရီးရဲမက် ဒရစ်နဲ့ ဒေ့ါမွန်တို့ရဲ့ ရှုန်းကန်အားတွေ ဘယ်လောက်အထိ မြင့်မားပြီး ထိ ရောက်မှုရှိတယ်ဆိုတာ အကဲခတ်ခွင့်ရဦးမှာ ဖြစ်ပါတယ်။

**လူဒိုဂိုရက်စ်နှင့် ရီးရဲမက်ဒရစ်**

ဘူလ်ဂေးရီးယားကလပ် လူဒိုဂိုရက်စ်ဟာ ဒီနှစ်ဘောလုံးရာသီမှာ ရလဒ်တွေကောင်းနေပေမယ့် ပြီးခဲ့တဲ့ ချန်ပီယံလိဂ် ပွဲစဉ် (၁)မှာ လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ ရီးရဲမက်ဒရစ်တို့ကတော့ ဘေဆယ်ကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားခဲ့ပြီး အခုပွဲမှာလည်း နိုင်ပွဲရဖို့ကြိုးစားမှာပါ။ ရီးရဲမက်ဒရစ်တို့ ဂိုးဘယ်လောက်သွင်းမယ်ဆိုတာ ရေတွက်ရမယ့်ပွဲ ဖြစ်ပါလိမ့်မယ်။

**ဘေဆယ်နှင့် လီဗာပူး**

လီဗာပူးတို့ သတိပြုရမယ့်ပွဲဖြစ်ပါတယ်။ ဘေဆယ်ဟာ အိမ်ကွင်းမှာ ပြိုင်ဘက်တိုင်းကို ဒုက္ခပေးနိုင်စွမ်းရှိတာမို့ လီဗာပူးတို့ပေ့ါဆရင် ခံစားမှု နက်ရှိုင်းသွားပါလိမ့်မယ်။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်(၁)မှာ နိုင်ပွဲရထားတဲ့ လီဗာပူးတို့ အခုပွဲမှာ ခြေကုန်ထုတ်ရင် အနိမ့်ဆုံးသရေတစ်မှတ်တော့ ရယူနိုင်ပါလိမ့်မယ်။

**အာဆင်နယ်နှင့် ဂါလာတာစာရေး**

ပွဲစဉ်(၁)မှာ ဒေ့ါမွန်ကို နှစ်ဂိုးပြတ်ရှုံးထားတဲ့ အာဆင်နယ်တို့ ဒီပွဲမှာ နိုင်ပွဲပြန်ရှာဖွေနိုင်မလားကြည့်ရမှာပါ။ တူရကီကလပ် ဂါလာတာစာရေးတို့ အမှတ်ရအောင်ကြိုးစားဖို့ရှိနေတာမို့ အာဆင်နယ်တို့ သေသေချာချာ ပြင်ဆင်ကစားမှရပါလိမ့်မယ်။ ဒီပွဲမှာမဖြစ်မနေ နိုင်ပွဲရယူမယ့် အာဆင်နယ်ဘက်ကပဲ ခြေစုံရပ်အားပေးရမှာပါ။

**အန်ဒါလက်ချ်နှင့် ဒေ့ါမွန်**

ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်ဟာ ပြည်တွင်းလိဂ်ရှစ်ပွဲကစားပြီးချိန်အထိ ရှုံးပွဲမရှိသေးတာမို့ ဒေ့ါမွန်တို့ လျှော့တွက်လို့မရပါဘူး။ ဒေ့ါမွန်ဟာ အုပ်စု (D)မှာ သုံးမှတ်နဲ့ ဦးဆောင်နေတာမို့ အဲဒီရပ်တည်မှုကို ဒီပွဲမှာ အနိုင်ယူပြီး ခိုင်မြဲအောင်ကြိုးစားပါလိမ့်မယ်။

**ဇင်းနစ်နှင့် မိုနာကို**

ရုရှားကလပ် ဇင်းနစ်တို့က ပြည်တွင်းလိဂ်မှာ ခြေစွာလွန်းနေပြီး တန်းစီဇယားထိပ်မှာ ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ ပွဲစဉ်(၁)မှာ လေဗာကူဆင်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတဲ့ မိုနာကိုဟာ အခုပွဲမှာဇင်းနစ်ကို ကျော်ဖြတ်ဖို့မလွယ်ကူတာ အမှန်ပါပဲ။

**လေဗာကူဆင်နှင့် ဘင်ဖီကာ**

အုပ်စု (C)မှာ အမှတ်မရသေးတဲ့ နှစ်သင်းတွေ့ဆုံမှုက အကြိတ်အနယ်ရှိပါလိမ့်မယ်။ ရှုံးပွဲကိုယ်စီ ကြုံထားရတဲ့ ဒီနှစ်သင်းရဲ့ အားပြိုင်မှုက ပြတ်သားတဲ့ရလဒ်ကို အပြိုင်ပုံဖော်ကြမှာမို့ အိမ်ကွင်းအားသာချက်ရှိတဲ့ လေဗာကူဆင်တို့ကိုပဲ ယုံကြည်ရမှာပါ။ ။

**မိုးမြင့်လင်းလက်**

# ချက်တင်းနစ်မယ် ဖလားဆွတ်ခူး



ချက်သမ္မတနိုင်ငံမှ တင်းနစ်မယ်ပီထရာဗစ်တိုးဗားသည် တရုတ်နိုင်ငံ ဝူဟန်းအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကနေဒါတင်းနစ်မယ် ဘိုချတ်ကိုနိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ သူမသည် ယင်းပွဲအနိုင်ရလိုက်၍ စင်ကာပူနိုင်ငံ၌ ကျင်းပမည့် WTA ရာသီကုန်ပြိုင်ပွဲတွင် ပါဝင်ကစားခွင့်ရရှိသွားခဲ့သည်။

"ကျွန်မရဲ့ ဒီနေ့အနိုင်ရတဲ့ပွဲဟာ ဒီနှစ်ထဲမှာတော့ ဒုတိယမြောက်တန်ဖိုးအကြီးဆုံးဖလားပါပဲ"ဟု ဗစ်တိုးဗားက ပြောသည်။ ၎င်းသည် စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် WTA ရာသီကုန်ပြိုင်ပွဲတွင် ဆီရီနာဝီလျံ၊ ရှာရာပိုဗာတို့နှင့်အတူ ယှဉ်ပြိုင်ကစားခွင့် ရရှိသွားပြီဖြစ်သည်။

# မက်ဆီ ဂိုး ၄၀၀ မြောက် သွင်းယူ

စပိန်လာလီဂါတွင် ဘာစီလိုနာက ဂရန်နာဒါကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ရာ တိုက်စစ်မှူး မက်ဆီက ယင်းပွဲတွင် ကြေးစားဘောလုံးသမားဘဝတစ်လျှောက် ဂိုး ၄၀၀ မြောက် သွင်းယူခဲ့သည်။ ယင်းပြိုင်ပွဲတွင် နေမာကလည်း ဟက်ထရစ်ဂိုးသွင်းယူခဲ့သည်။ ယင်းပြိုင်ပွဲတွင်ရာကီတစ်ကလည်း တစ်ဂိုးသွင်းယူခဲ့သည်။ မက်ဆီက ဘာစီလိုနာ၏ စတုတ္ထဂိုးအဖြစ် သွင်းယူခဲ့ခြင်းဖြစ်သည်။

အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူး မက်ဆီနှင့် နေမာတို့အတွဲသည် အကောင်းဆုံး ခြေစွမ်းပြကစားကာ ဂရန်နာဒါအသင်းကို အနိုင်ဂိုးများသွင်းခဲ့ကြသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

## ပရီမီယာလိဂ်၊ စီးရီးအေနှင့် ဂိုးရလဒ်များ (သီဟ)

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၆)** **စက်တင်ဘာ ၃၀**

| | | | |
|---|---|---|---|
| စတုတ်စီးတီး | - | နယူးကာဆယ် | နံနက် ၁း၃၀ |

**အီတလီစီးရီးအေ ပွဲစဉ်(၅)** **စက်တင်ဘာ ၂၉/၃၀**


| | | | |
|---|---|---|---|
| အူဒီးနိစ် | - | ပါးမား | ည ၁၁း၃၀ |
| ပါလာမို | - | လာဇီယို | နံနက် ၁း၃၀ |

**စက်တင်ဘာ ၂၇/၂၈ ဂိုးရလဒ်များ**


| | | |
|---|---|---|
| အာဆင်နယ် | ၁-၁ | စပါး |
| မိုနာကို | ၀-၁ | နိုက်စ် |
| တူးလော့စ် | ၁-၁ | ပီအက်စ်ဂျီ |
| လိုင်လီ | ၁-၀ | ဘတ်စ်တီယာ |
| လော်ရီယန့် | ၀-၂ | အီဗီယန် |
| မတ်ဇ် | ၃-၀ | ရိမ်းစ် |
| မောင့်ပယ်လီယာ | ၂-၁ | ဂူအင်ဂမ့် |
| ရှော်လ်ကေး | ၂-၁ | ဒေ့ါမွန် |
| ဖရိုင်းဘတ် | ၀-၀ | လေဗာကူဆင် |
| စတုဂတ် | ၁-၀ | ဟန်နိုဗာ |
| ကိုလုံး | ၀-၂ | ဘိုင်ယန်မြူးနစ် |
| ပါဒါဘွန်း | ၁-၂ | ဂလက်ဘတ် |
| ဝုဖ်ဘတ် | ၂-၁ | ဝါဒါဘရီမင် |
| ရိုးမား | ၂-၀ | ဗီရိုနာ |
| အတ္တလန္တာ | ၀-၃ | ဂျူဗင်တပ်စ် |
| အက်သလက်တီကို | ၄-၀ | ဆီဗီလာ |
| ဘီလ်ဘာအို | ၀-၀ | အီဘာ |
| လီဗန်တေး | ၀-၂ | ဗယ်လက်ကာနို |
| ဘလက်ပူး | ၁-၃ | နော့ဝှစ်ချ် |
| ဘော်လ်တန် | ၀-၂ | ဒါဘီ |
| ကာဒစ် | ၂-၁ | ရှက်ဖီးဝမ်းနက်စ်ဒေး |
| ဟက်ဒါဖီး | ၂-၁ | မီလ်ဝေါ |
| အစ်ဆွစ် | ၂-၀ | ရိုသာဟမ် |

# စီရိုနယ်ဒို ၁၀ ဂိုးမြောက်သွင်း

ယမန်နေ့ညက စပိန်လာလီဂါပွဲအဖြစ် ဗီလာရီးရဲနှင့် ရီးရဲမက်ဒရစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်က အဝေးဂိုးနှစ်ဂိုးသွင်းယူပြီး ရမှတ်သုံးမှတ်ရယူနိုင်ခဲ့သည်။ ပထမပိုင်းပွဲကစားချိန်အတွင်းမှာပင် မိုဒရစ်နှင့်စီရိုနယ်ဒိုတို့က သွင်းယူခဲ့သည်။ စီရိုနယ်ဒို၏ ယင်းဂိုးသည် ယခုနှစ်ရာသီအတွင်း သွင်းယူခဲ့သည့် ၁၀ ဂိုးမြောက် လာလီဂါဂိုးဖြစ်သည်။ ရီးရဲမက်ဒရစ်သည် ရာသီအဖွင့်သုံးပွဲတွင် နှစ်ပွဲရှုံးနိမ့်ပြီးနောက် သုံးပွဲမြောက်အနိုင်ရမှုလည်းဖြစ်သည်။ စီရိုနယ်ဒိုသည် ယခုနှစ်ရာသီအတွင်း ပြိုင်ပွဲအားလုံးတွင် ၁၃ ဂိုး သွင်းထားသည်။




MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO.,LTD.

(ပထမ) အကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

၁။ မန္တလေးမြို့သာ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်၏ ပထမအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**အစည်းအဝေးအစီအစဉ်**

**ကျင်းပမည့်ရက်** - ၂၀၁၄ခုနှစ် အောက်တိုဘာ ၅ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁၄း၀၀နာရီမှ ၁၆း၀၀နာရီအထိ

**ကျင်းပမည့်နေရာ** - အမျိုးသားကဇာတ်ရုံ၊ ၆၆လမ်း၊ ၂၀×၂၂လမ်းကြား၊ မန္တလေးမြို့

၂။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေးတင်ပြပါမည်-

(၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်ချုပ်အစီရင်ခံစာနှင့် ဒါရိုက်တာအဖွဲ့၏ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍-

(က) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ

(ခ) လုပ်ငန်းဆောင်ရွက်ဆဲအခြေအနေ

(ဂ) ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် ဆွေးနွေးတင်ပြခြင်း

(၂) ကုမ္ပဏီ၏ ၂၀၁၃-၂၀၁၄ခုနှစ်က ဘဏ္ဍာနှစ်လုပ်ငန်း အမြတ်ဝေစုအကြောင်း ရှင်းလင်းတင်ပြခြင်း

(၃) MMID ကုမ္ပဏီနှင့် မြန်မာနိုင်ငံသား Sub Developer, Contractor အဖွဲ့အစည်းများကို တိုးချဲ့စုပေါင်းလုပ်ကိုင်ခြင်းအပေါ် ဆွေးနွေးတင်ပြခြင်း

၃။ ဖိတ်စာအချိန်မီ မရရှိသောအစုရှယ်ယာရှင်များအနေဖြင့် ဤကြော်ငြာစာကို ဖိတ်စာအဖြစ်မှတ်ယူ၍ အစည်းအဝေးသို့ ကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**

**MMID Public Co., Ltd.**





ကြော်ငြာ


DAGON CITY 1
Makes Myanmar More Beautiful
FIRST TWO TOWERS ARE FULLY RESERVED
NEW TOWERS WITH PAGODA VIEW FOR RESERVATION!
Exclusively at the Dagon City 1 Grand Opening:
All attendees are welcome to join our lucky draw.
OWN A PIECE OF PRESTIGE AND
GET A CHANCE TO WIN A MERCEDES BENZ
September 27 th 9:00 a.m.
Also featuring Dagon City 1 Brand Ambassador Eindra Kyaw Zin, Lucky Draws and Many More Surprises!
Pre-registration required
Call +95 9 2544 28883 to reserve a seat !
Dagon City 1 ၏ ဖွင့်ပွဲ အခမ်းအနား တွင် ကြွရောက်လာသော လူကြီးမင်းများအားလုံး ပါဝင်ဆင်နွှဲနိုင်မည့် အထူးကံစမ်းမဲ အစီအစဉ်များ ပါဝင်ပါသည်၊ အဆင့်မြင့် အိမ်ယာများကို ပိုင်ဆိုင်ရယူပြီး Mercedes Benz ရရှိနိုင်မည့် အထူးအခွင့်အရေး
၂၇ ရက်နေ့ စက်တင်ဘာလ ၂၀၁၄
နံနက် ၉နာရီ
Premium Partners:
MARGA LANDMARK
Mercedes-Benz
WIN
MERCEDES BENZ 2014 C-CLASS NEW MODEL
MARGA LANDMARK
DAGON CITY 1
GALLERY SHOWROOM ADDRESS:
U Htaung Bo Circle, No. 61, 65, Zoological Garden Road, Dagon Township, Yangon
WWW.DAGONCITY1.COM

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေး နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲ ထားဝယ်၌ကျင်းပ

**ထားဝယ် စက်တင်ဘာ ၂၈**

ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေး နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်က နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ခြင်း၊ ဈေးကွက်တည်ထောင်ခြင်းနှင့် အနာဂတ်မျှော်မှန်းချက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံ၏ ရော်ဘာလုပ်ငန်းအောင်မြင်မှုမူဝါဒကို အကဲဖြတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရော်ဘာဈေးကွက်ကို ထိန်းသိမ်းခြင်း၊ မြန်မာ့ရော်ဘာလုပ်ငန်းအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (စင်ကာပူနိုင်ငံ)မှ တာဝန်ရှိသူက ငွေကြေးဖောင်းပွမှု၊ ရော်ဘာထုတ်လုပ်မှုနှင့် ဒေါ်လာ ၂၀၁၄ ခုနှစ် ရော်ဘာဈေးကွက်အလားအလာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဌာန စိုက်ပျိုးရေးသုတေသန (ဖိလစ်ပိုင်နိုင်ငံ)မှ တာဝန်ရှိသူက ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ရော်ဘာကိုအခြေခံသော စိုက်ပျိုးရေးစနစ်အကြောင်းကိုလည်းကောင်း၊ ရော်ဘာပင် အသစ်စိုက်ပျိုးခြင်း/ပြန်လည်စိုက်ပျိုးခြင်း (က) စိုက်ပျိုးမြေကို ကြိုတင်ပြင်ဆင်ရာတွင် GIS ကိုအသုံးပြုခြင်း (ခ)စိုက်ပျိုးပစ္စည်းများ ပြင်ဆင်ရာတွင် Root Trainer စနစ်အသုံးပြုခြင်းအကြောင်းကိုလည်းကောင်း၊ ပျိုးခင်းထိန်းသိမ်းခြင်း ဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ မလေးရှားနိုင်ငံ၏ အတွေ့အကြုံကိုလည်းကောင်း၊ နည်းပညာနှင့် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်း မလေးရှားမှထုတ်လုပ်မှုမြင့်မားခြင်းသည် ပျိုးခင်းမှ စတင်သည်ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခြံယာရှင်များအတွက်



ပျိုးပင်များ ပြင်ဆင်စိုက်ပျိုးခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၀၁၃ ခုနှစ်အတွင်း ပျိုးပင်များဆိုင်ရာ အကြံပြုချက်နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တွင် နှစ်ရက် ကျင်းပခဲ့သည်။

မြို့တော်ခန်းမဝင်းအတွင်း၌ ရော်ဘာတောင်သူပညာပေးအရောင်းပြခန်း(၁၂)ခန်းကို **(အပေါ်ပုံ)** ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



**GAP စနစ်ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ်စပါးများ အထွက်နှုန်းတိုးတက်မြင့်မားစေရန် အချိုးကျဓာတ်မြေဩဇာသုံးစွဲရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေကို စက်တင်ဘာ ၂၃ ရက် နံနက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၆၂၂-A)၌ တောင်သူဦးသိန်းဝင်းစိုက်ပျိုးထားသော GAP ပုလဲသွယ် ၁၀ ဧကတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးကိုကိုကြီးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမြင့်တို့အဖွဲ့ ကွင်းဆင်းစစ်ဆေးကြစဉ်။**

(၀၁၉)

## ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်းဖွင့်

**မြိုင် စက်တင်ဘာ ၂၈**

ကျေးလက်နေပြည်သူများ ကျန်းမာရေး အနီးကပ်စောင့်ရှောက်ခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျန်းမာရေးဌာနခွဲ ဆေးခန်းဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက်က မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ကြက်မောက်ကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆေးခန်းဖွင့်ပွဲတွင် မြိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်သူနာပြုအဆင့်-၁ ဒေါ်ခင်သန်းငွေက ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအနီးကပ်စောင့်ရှောက်မှုနှင့် ကုသပေးခြင်းလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖ ဦးမြမောင်က ကျေးဇူးတင်စကားပြောသည်။ ထို့နောက် မြို့နယ်သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာရဲလင်းသန်း၊ မကျီးကန်ကျေးရွာ ကျန်းမာရေးဆေးမှူး ဒေါ်စုသက်ဖြိုးနှင့် ကျန်းမာရေးဝန်ထမ်းများက အထွေထွေဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ကြရာ လူနာစုစုပေါင်း ၁၃၈ ဦးတို့ကို အခမဲ့ ဆေးကုသမှုပေးကြသည်။

ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံမှာ ကုန်ကျငွေ စုစုပေါင်းသိန်း ၈၀ ကျော်ကုန်ကျပြီး ဆေးခန်းတွင် သားဖွားဆရာမတစ်ဦး၊ ဆေးခန်းစောင့်အမျိုးသားတစ်ဦး ထားရှိကြောင်း သိရသည်။ **(၁၃၅)**

## နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု

**ညောင်လေးပင် စက်တင်ဘာ ၂၈**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၅၀)ပြည့်ရွှေရတု မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့က ဦးဆောင်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကို စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီက ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံဝန်းအတွင်းအပြင် နေရာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မဒေါက်၊ ပိန်းဇလုပ်နယ်မြေရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၀ ကျော်တို့သည် ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံ အတွင်း၊ အပြင် နေရာများ၌ ချုံနွယ်မြက်များရှင်းလင်းခြင်း၊ ရေမြောင်းများရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဇော်နှင့် တာဝန်ရှိသူများက ကျေးဇူးတင် အားပေးစကားများ ပြောကြားခဲ့သည်။

**နေလင်း(ညောင်လေးပင်)**

**စာအုပ်စာပေ လှူ့မိတ်ဆွေ**


## အထက်မြန်မာပြည် IR အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

အထက်မြန်မာပြည် IR ဘာသာရပ် ဖွင့်လှစ်သင်ကြားမှု အနှစ်(၃၀)မြောက် အထိမ်းအမှတ်အဖြစ် တည်ထောင်သူ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ၂၇-၁၂-၂၀၁၄ ရက်တွင် မန္တလေးတက္ကသိုလ် ဓမ္မာရုံကြီး၌ ပူဇော်ကန်တော့ရန် စီစဉ်နေပြီဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် IR ဌာနအသီးသီးရှိ ဆက်စပ်ရာ သူငယ်ချင်းများနှင့်ဆက်သွယ်ကာ အလှူငွေများထည့်ဝင်ကြပါရန်နှင့် ဆရာကန်တော့ပွဲအခမ်းအနားသို့ တက်ရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**IR အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၅၃၅၈ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၉/အမရ(နိုင်)၁၀၂၉၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၁၁၉ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၅/စကန(နိုင်)၀၄၈၇၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၈၁၃၀၊ Toyota Corolla Sop92, Saloon (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်အောင် ၁၂/ဒဂမ(နိုင်)၀၀၆၃၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၈၇၆၃၃ ဟွန်ဒါ ဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၃/ကတန(နိုင်)၀၂၀၇၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇ယ/၅၄၂၄ ယာဉ်လက်ဝယ်ရှိသူအမည် ဦးခွန်ထွန်းထွန်းဝင်း ၂/လကန(နိုင်)၀၇၁၈၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၇၀၀၀၊ Nissan AD VSY 10, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးရွှေ ၁၂/တမန(နိုင်)၀၉၉၉၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(1B)မှ မကျော့ကေခိုင်အောင်၏ ဖခင်အမည်မှန်မှာ ဦးခလေး ၁၄/ငပတ(နိုင်)၀၈၆၀၇၆ ဖြစ်ပါသည်။

### အမည်မှန်

ဦးဝင်းသိန်း၏သား မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ချင်းယားရွာ၊ အထက ပခန်းငယ် တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ကျော်ကြီး၏ အမည်မှန်မှာ မောင်မြင့်မြတ်ကျော်ဖြစ်ပါကြောင်း။ **မြင့်မြတ်ကျော်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၆၀၃၄၅၊ New Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူမူညွန့် ၉/မထလ(နိုင်)၀၁၄၁၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ကန့်ကွက်နိုင်ပါသည်

ဦးကျော်ညွန့် ၉/မရမ(နိုင်)၀၂၁၆၄၀ အလယ်တန်းကျောင်းအုပ်၊ ညောင်ကိုင်း၏ မြို့မြေသစ်တိုးချဲ့ရေး မြင်တော်ကန်၏ ၃၀၀၀ တန်မြေကွက်အမှတ် ၁၂၇၃၏ ပြေစာအမှတ် ၀၀၀၀၇၁၁ ပျောက်ဆုံးနေပါသဖြင့် မြေစာရင်းဦးစီးဌာနသို့ အသစ်လျှောက်လိမ့်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ အထောက်အထားခိုင်မာစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးကျော်ညွန့်(ညောင်ကိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၃၇၇၂ Honda C90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၉/မရတ(နိုင်)၀၉၅၂၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးစိုင်းထွန်းနွဲ့ ၁၃/တကန(နိုင်)၀၈၅၆၈၉ နှင့် ဇနီး မနန်းခင်အုန်းမြင့် ၁၃/လခတ(နိုင်)၀၀၅၁၆၉ သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါ၍ ၃၀-၅-၂၀၁၄ ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် သက်ဆိုင်သောကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **ဦးစိုင်းထွန်းနွဲ့**

### ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ မောင်းထောင်ကျောင်းတိုက်မှ ဆရာတော်ဥူးသုစိတ္တ ၅/မရန(သ)၀၀၀၄၁၃ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၆၄၅၁၃၄၀**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# မုဒုံမြို့ သမိုင်းဝင်ကန်တော်ကြီးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**မုဒုံ စက်တင်ဘာ ၂၈**

မွန်ပြည်နယ် မုဒုံမြို့ သမိုင်းဝင်ကန်တော်ကြီးစေတီတော်၏ အကြိမ် (၁၄၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို လာမည့် သီတင်းကျွတ်လဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ (အောက်တိုဘာ ၆ရက်မှ ၈ ရက်အထိ) သီတင်းကျွတ်မီးထွန်းပွဲနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက် ၇နာရီတွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၆၈ ကျောင်း၊ သီလရှင်စာသင်တိုက် ၁၁ တိုက်တို့မှ ရဟန်း၊ သာမဏေ၊ သာသနာ့နွယ်ဝင်သီလရှင်အပါး ၁၈၀၀ ခန့်တို့ကို မင်းတန်းရပ် မင်္ဂလာမဏ္ဍပ်မှစတင်ကာ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ စာရေးတံမဲဖောက်လှူဒါန်းခြင်း၊ ညပိုင်းတွင် စေတီတော်ရင်ပြင်၌ မြို့ပေါ်ဝတ်အသင်းအဖွဲ့များက သီတင်းကျွတ်မီးထွန်းပွဲတော်နှင့်အတူ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းတို့အပြင် ပျော်ပွဲရွှင်ပွဲဇာတ်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ ဈေးပွဲတော်ခင်းကျင်းရောင်းချခြင်းတို့ဖြင့် ဆင်နွှဲသွားမည်ဖြစ်သည်။ ထို့အပြင် ကန်တော်ကြီးစေတီ အရှေ့ဘက် သဘာဝကန်ကြီးရေကန်ရေပြင်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုများပါဝင်ဆင်နွှဲကြမည့် မြန်မာ့ရိုးရာလှေပြိုင်ပွဲကိုလည်း အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်သည်။

"လှေလှော်ပြိုင်ပွဲ ကျင်းပတာဟာ ရင်းနှီးခင်မင်မှု ပိုမိုဖြစ်စေဖို့ရယ်၊ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ မတိမ်ကောသွားဖို့ရယ်နဲ့ လှေလှော်ပြိုင်ပွဲကတစ်ဆင့် မျိုးဆက်သစ်လူငယ်တွေကို စည်းလုံးညီညွတ်မှုနဲ့ သရုပ်သကန်ကို သိမြင်တိုးပွားလာဖို့ ရည်ရွယ်ပြီး နှစ်စဉ်မပျက် သီတင်းကျွတ်လရောက်တိုင်း ကန်တော်ကြီးစေတီ ဗုဒ္ဓပူဇနိယပွဲတော်နဲ့အတူ ဒီလှေလှော်ပြိုင်ပွဲကို ကျင်းပတာဖြစ်ပါတယ်"ဟု မုဒုံကန်တော်ကြီးစေတီဂေါပက အတွင်းရေးမှူးက ပြောကြားသည်။

**ကိုချစ်**

## စာကြည့်တိုက် အခြေခံပညာသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက် အခြေခံပညာသင်တန်းအမှတ်စဉ် (၁/၂၀၁၄)ကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီမှ စတင်ကာ အောက်တိုဘာ ၃ ရက်အထိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ဖွင့်လှစ်မည်ဖြစ်ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ပြင်ပမှ စိတ်ပါဝင်စားသူများ စုစုပေါင်း သင်တန်းသား ၃၄ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ရီရီသန့်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## နန့်ကျဲချောင်း နှစ်စဉ် ရေတိုက်စားမှုကူညီပံ့ပိုးပေးရန်လို



**မော်လူး စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၄ ရက် နံနက် ၃ နာရီက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု တောင်သူလယ်သမားများ အသုံးပြုနေသော နန့်ကျဲချောင်း ရေကြီးရေလျှံမှုများဖြစ်ခဲ့သဖြင့် ဦးရွှေထွန်းကန်ပေါင် ပြန်လည်ကျိုးပေါက်သွားကာ စပါးပင်များ ရေလွှမ်းခဲ့သည်။ ထို့အတူ လေးတန်ချောင်းရေ မြင့်တက်လာမှုကြောင့် ချောင်းကမ်းနားအိမ်များ ကမ်းပါးပြိုကျပြီး ရေထဲပါမည်ကို စိုးရိမ်မကင်းဖြစ်နေကြကြောင်း၊ လေးတန်ချောင်း ရေကြီးရေလျှံမှုများဖြစ်လာသည်နှင့်အမျှ ပဲခူးကွင်း၊ သက်ရင်းတာကွင်း၊ ပေါက်ကုန်းကွင်းရှိ စပါးပင်များ ဖုံးကွဲရေဝင်ဖြစ်ပြီး စပါးအထွက်နည်းကာ ဆုံးရှုံးမှုဖြစ်ပေါ်လာမည်ကို လယ်ရှင်များအနေဖြင့် ပူပန်နေကြကြောင်းနှင့် နန့်ကျဲချောင်း နှစ်စဉ် ရေတိုက်စားမှုဘေးဒဏ်မှ ကင်းဝေးပြီး ဆန်ရေစပါးအောင်မြင်မှုရှိစေရန် ကျေးရွာအုပ်ချုပ်ရေးမှူးများသာမက မြို့နယ်အဆင့်၊ ခရိုင်အဆင့် တာဝန်ရှိဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုပြီး ယန္တရားများဖြင့် ကူညီပံ့ပိုးပေးသွားရန် လိုအပ်ကြောင်း တောင်သူတစ်ဦးက ပြောကြားသည်။

**ညိုမင်းထက်**

## မြစ်ကြီးနားတွင် လူကုန်ကူးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် IOM (မြန်မာ)တို့ ပူးပေါင်း၍ ကချင်ပြည်နယ်အတွင်း လူကုန်ကူးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ Plam Spring Resort တွင် စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက အဖွင့်မိန့်ခွန်းပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲကို စတင်ဆွေးနွေးရာ IOM (မြန်မာ)မှ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်၊ လက်ရှိ IOM ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ စီမံချက်အသစ်များနှင့် အသုံးပြုလျက်ရှိသော စာရွက်စာတမ်းများ၊ လမ်းညွှန်ချက်များကို လည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ နိုင်ငံတော်အဆင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့် လူကုန်ကူးမှုဖြစ်ပွားမှုအခြေအနေများကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုဝန်ထမ်းဦးစီးဌာန၏ လက်ရှိနှစ်နိုင်ငံအကြား ဦးစားပေးလုပ်ဆောင်ချက်များကို လည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးတွင် လိုအပ်သည်များ၊ လက်ရှိ ရင်ဆိုင်နေရသော အခက်အခဲများ၊ ရှေ့လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်မည့် အခြေအနေများ၊ ဦးဆောင် ဆောင်ရွက်မည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပံ့ပိုးကူညီဆောင်ရွက်မည့် ဌာနဆိုင်ရာများ၊ NGO / INGO အဖွဲ့များ သတ်မှတ်မှုများဆွေးနွေးခြင်း၊ အမျိုးသားအဆင့် ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ကာ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် IOM မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်

**ရေတာရှည် စက်တင်ဘာ ၂၈**

ကျေးလက်ဒေသနေ ဘောလုံးအားကစားဝါသနာရှင်များကို ပြိုင်ပွဲများကျင်းပခြင်းဖြင့် နိုင်ငံအတွက် ရွက်ပုန်းသီးဘောလုံးသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် ညနေ ၃ နာရီက မြို့နယ်ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ပြိုင်ပွဲဝင်ဘောလုံးအသင်းများက နိုင်ငံတော်အလံကို အလေးပြုပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေကျော်က အမှာစကားပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကျေးရွာပေါင်းစုံမှ ဘောလုံးအသင်း ၂၃ သင်း ပါဝင်ပြီး အောက်တိုဘာ ၁၇ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


### စွမ်းအင်ဝန်ကြီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### တင်ဒါအမှတ် MOE/LP/COM/CAP/T/2(2014-2015)

၁။ စွမ်းအင်ဝန်ကြီးဌာနရှိ ရုံးအမှတ် (၆)နှင့် ရုံးအမှတ် (၄၄)တို့တွင် LAN (Local Area Network)Infrastructure တည်ဆောက်ခြင်းနှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၉-၂၀၁၄ ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက်၊ ၁၂:၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက်၊ ၁၃:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**ရုံးအမှတ် (၆)၊ စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၄၈၊ ၄၁၁၄၈၇၊ ၄၁၁၁၃၇**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် (လမ်း/ရေပေးရေး)လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ဟားခါးမြို့၊ ပြည်နယ်စည်ပင်သာယာရေးရုံးတွင် ၂၃-၉-၂၀၁၄ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၄-၁၀-၂၀၁၄ ရက် ၁၆:၀၀ နာရီအတွင်း နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၂၃၉၇၊ ၀၇၀-၂၁၃၂၅၊ ၀၇၀-၂၁၃၂၂၊ ၀၉-၄၀၀၃၀၈၀၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
### ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တွင် လိုအပ်လျက်ရှိသော စက်ပစ္စည်းသုံးမျိုးနှင့် ပရိဘောဂပစ္စည်းလေးမျိုးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါခေါ်ဆိုအပ်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂:၀၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်းအသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၉-၅၂၅၁၅၇၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
### မြေတိုင်းဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန(နေပြည်တော်)ရုံးဝင်းအတွင်းတွင် မြေယာရှုခင်းသန့်ရှင်းလှပရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၅:၀၀နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများစိစစ်မှုကော်မတီ**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၈**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး (မုံရွာမြို့) တိုးချဲ့ (၄၀'×၂၄'×၁၂') RC တစ်ထပ်နှင့် ကလေးခရိုင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး (ကလေးမြို့) (၅၀'×၄၀'×၁၂') RC တစ်ထပ်လုပ်ငန်းအတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာယူရက်**
၂၉-၉-၂၀၁၄ရက်မှ ၂၀-၁၀-၂၀၁၄ရက်အထိ

(ခ) **တင်ဒါတင်သွင်းရက်**
၂၂-၁၀-၂၀၁၄ရက် ၁၆:၀၀နာရီ

(ဂ) **တင်ဒါတင်သွင်းရန်နေရာ**
တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ မုံရွာမြို့

၂။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဖုန်း-၀၇၁-၂၃၂၀၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

### အများသိစေရန်ကြေညာချက်

ဦးအောင်မျှင် ၉/ပမန(နိုင်)၀၈၁၅၂၁၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဦးအောင်မျှင်သည် မိဘများဖြစ်သော ဦးပု၊ ဒေါ်ညှာ တို့ပိုင်ခဲ့သည့် ရွှေတွင်းကုန်းရွာ၊ ရေဆင်းအုပ်စု၊ ဇေယျာသီရိမြို့နယ်-နေပြည်တော်အတွင်းရှိ ဝိုင်းခြံမြေ၏ ထက်ဝက် အလျားပေ ၁၂၀ နှင့် အနံ ၅၇ ပေ ပတ်လည်ဧရိယာအား လွန်ခဲ့သော နှစ် ၇၀ ကျော်မှ ယနေ့အထိ အမွေဆက်ခံနေထိုင်ခဲ့ရာ ဦးအောင်မျှင်နှင့် ဇနီးဒေါ်ပုမ၏သားသမီး ၁၀ဦးမှအပ အခြားသူများအား ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် အခြားနည်းလွှဲပြောင်းပေးခြင်းမျိုး ယခင်ကလည်းကောင်း၊ နောက်နောင်တွင်လည်းကောင်း လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျှင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မျှင်** | **ဦးစန်းအောင် (စဉ်-၄၂၃၃)** |
| **၉/ပမန(နိုင်)၀၈၁၅၂၁** | **တရားလွှတ်တော်ရှေ့နေ** |
| **ရွှေတွင်းကုန်းရွာ၊ရေဆင်း** | **၈/၃၂၊ ဦးရာဇာတ်လမ်း၊ ရန်အောင်(၂)ရပ်၊ နေပြည်တော်၊** |
| **အုပ်စု၊ဇေယျာသီရိမြို့နယ်** | **ပျဉ်းမနား၊ ဖုန်း-၀၉-၄၉၂၀၄၇၀၁၊ ၀၉-၂၅၀၅၃၃၄၁၁၊** |
| **နေပြည်တော်** | **အိမ်ဖုန်း-၀၆၇-၂၄၄၉၂** |

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ထိန်ပင်နှင့် ထားဝယ်ချောင်အမှိုက်ပုံမှ စွန့်ပစ်အမှိုက်များကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် လက်ရှိသိမ်းဆည်းအမှိုက်ပုံနေရာနှစ်ခုဖြစ်သော ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ထားဝယ်ချောင်အမှိုက်ပုံတို့ကို အမှိုက်လျှော့ချနိုင်ရေး၊ ရေထုညစ်ညမ်းမှုနှင့် အနီးအနားနေပြည်သူများ အနံ့အသက်ဆိုးရွားမှုများ ပပျောက်စေရေးအတွက် ဆောင်ရွက်လျက်ရှိနေရာ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ပြုလုပ်မည်ဖြစ်သော မီသိန်းဓာတ်ငွေ့ ထုတ်လုပ်နိုင်ရေးနှင့် လျှပ်စစ်စွမ်းအားထုတ်လုပ်နိုင်ရေးအတွက် ထိန်ပင်အမှိုက်ပုံနှင့် ထားဝယ်ချောင်အမှိုက်ပုံတို့ကို ရွေးချယ်ထားကြောင်း သိရသည်။

ထိန်ပင်အမှိုက်ပုံရှိ အမှိုက်တန်ချိန် ၈၀၀ ကို မီသိန်းဓာတ်ငွေ့ ထုတ်လုပ်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် မီးအားပေးစက် (Generator) လည်ပတ်ကာ လျှပ်စစ်ဓာတ်အား ၂၀ မဂ္ဂါဝပ် ထုတ်လုပ်သွားမည်ဖြစ်သည်။ ဒုတိယနေရာဖြစ်သော ထားဝယ်ချောင်အမှိုက်ပုံရှိ အမှိုက်တန်ချိန် ၆၀၀ ကို အမှိုက်မီးရှို့စက် တည်ဆောက်သွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် လျှပ်စစ်ဓာတ်အားတစ်နာရီလျှင် ၁၇ ဒသမ ၄ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရန် စီစဉ်ထားသည်။

ရန်ကုန်မြို့နေပြည်သူများ နေ့စဉ်စွန့်ပစ်ကြသော အမှိုက်တန်ချိန် ၁၆၀၀ ထွက်ရှိကြောင်း၊ လက်ရှိတန်ချိန် ၁၅၀၀ ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက သိမ်းဆည်းပေးနေကြောင်း၊ သိမ်းဆည်းပေးချိန်တွင် အမှိုက်ပုံရန်အတွက် မြေနေရာသီးသန့်မရှိတော့ကြောင်း၊ ဌာနအနေဖြင့် သေဆုံးအလောင်းများအား မီးရှို့ခြင်းနှင့် မြေမြှုပ်ပေးရသည့်လုပ်ငန်းများ ပါဝင်ကြောင်း၊ ထိုလုပ်ငန်းအတွက် မြေနေရာလျာထားသည်များ ရှိနေကြောင်း၊ ထိုအထဲကမှ အသုံးမပြုရသေးသည့်မြေနေရာများကို အမှိုက်ပုံအဖြစ် အသုံးပြုနေရကြောင်း၊ အမှိုက်ပုံများကို သုသာန်များနှင့် တွဲဖက်ထားရသည်မှာ မြေရှားပါးမှုကြောင့်သာဖြစ်ပါကြောင်း၊ ထိန်ပင်အမှိုက်ပုံတွင် မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် မြို့နယ်တို့မှ အမှိုက်များကို လာရောက်စွန့်ပစ်ရပါကြောင်း၊ အဆိုပါမြေနေရာမှာ ဧရိယာအားဖြင့် ဧက ၁၅၀ ရှိပါကြောင်း၊ လက်ရှိအသုံးပြုပြီးသည့် မြေနေရာဧရိယာ ဧက ၇၀ အသုံးပြုပြီးသွားပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် မြေနေရာ ဧက၈၀ ကို ကိုရီးယား CHASSON INTERNATIONAL KOREA ကုမ္ပဏီနှင့် လျှပ်စစ်စွမ်းအားထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ထားဝယ်ချောင်သုသာန်မြေနေရာမှာလည်း မြေဧရိယာ ၅၅ ဧက ရှိပါကြောင်း၊ အသုံးပြုပြီးသည်မှာလည်း ၅၅ ဧကပင် ဖြစ်ပါကြောင်း၊ သုသာန်အတွက် မြေနေရာရှိနေသော်လည်း အမှိုက်ပုံရန် မြေနေရာမရှိသည့်အတွက် သေဆုံးအလောင်းများ မြေမြှုပ်သည့် လုပ်ငန်းမလုပ်မီ အမှိုက်ပုံရန်အတွက် ယင်းနေရာကို ရွေးချယ်လိုက်ရခြင်း ဖြစ်ပါကြောင်း၊ အဆိုပါ ထားဝယ်ချောင်အမှိုက်ပုံမြေနေရာ၌ တန် ၆၀၀ ကျသည့် အမှိုက်မီးရှို့စက်ကို တည်ဆောက်ရန်အတွက် ZEYA AND ASSOCIATE ကုမ္ပဏီနှင့် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်းဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူက ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းပြခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က "ဒီထားဝယ်ချောင် အမှိုက်ပုံမြေနေရာမှာ အမှိုက်တန်ချိန် တန် ၆၀၀ ကို နေ့စဉ်မီးရှို့မယ်၊ မီးရှို့ပြီးတော့မှ ကုမ္ပဏီက လျှပ်စစ်စွမ်းအား တစ်နာရီကို ၁၇ ဒသမ ၄ မဂ္ဂါဝပ်ထုတ်ပြီး နေ့တိုင်းရောင်းမယ်။ ဒီလုပ်ငန်းတစ်ခုလုံး လည်ပတ်ဖို့စနစ်ဆိုရင် BOT စနစ်ဖြစ်တယ်။ အမှိုက်မီးရှို့စက်ရုံကိုလည်းကုမ္ပဏီက သူတို့ငွေနဲ့ သူတို့ဆောက်မယ်။ သူတို့ပြန်ပြီး ရနိုင်တဲ့ငွေက လျှပ်စစ်ရောင်းထားတဲ့ငွေရှိမယ်။ အဲဒီတော့ လျှပ်စစ်တစ်ယူနစ်ကို ဘယ်လောက်နဲ့ ရောင်းရမယ်ဆိုတာ PPA( Power Purchase Agreement)ဆိုတာ လိုတယ်။ ဒီ PPA သည် YCDC က ကိုင်တွယ်ဖြေရှင်းလို့မရဘူး။ ကိုင်တွယ်ဖြေရှင်းတာက ရန်ကုန်မြို့မှာ YESB ရှိတယ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိတယ်၊ ဝန်ကြီးဌာနက ဒီထွက်လာတဲ့ လျှပ်စစ်တွေကိုဝယ်မှ သာလျှင် ဒီလုပ်ငန်းကသူတို့အတွက် အဆင်ပြေမယ်။ လက်ရှိ PPA ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေမှ CENTRAL GOVERNMENT ဖြစ်တဲ့ ဗဟိုအစိုးရကို တင်ထားတယ်။ ပြီးရင် MIC မြန်မာ့စီးပွားရေးကော်မရှင်ကိုတင်မယ်။ MIC က သုံးရက်အတွင်း ပြီးအောင်ဆောင်ရွက်ပေးလိမ့်မယ်။ လက်ရှိ PPAအဆင့်ပဲ ရှိသေးတယ်ဆိုတော့ MIC ကို မတင်ရသေးဘူး။ တင်ပြီးတာနဲ့ ကုမ္ပဏီနှစ်ခုက လုပ်ငန်းစကြလိမ့်မယ်။ လောလောဆယ်ရထားတဲ့ ကုမ္ပဏီတွေက တင်ဒါအောင်တာ တစ်နှစ်ရှိနေပြီ။ ဒါကြောင့် အကြိုအင်ဂျင်နီယာလုပ်ငန်းတွေဖြစ်တဲ့ မြေနေရာတွေ ရှင်းလင်းတယ်။ အဆောက်အအုံတည်ဆောက်မှာဆိုတော့ မြေရဲ့အရည်အသွေးတွေ မာလား၊ ပျော့လားစမ်းသပ်နေတယ်။ စက်ရုံလုပ်မယ့် ပုံတွေကို ရေးဆွဲနေတယ် ဘယ်နေရာမှာ ဘာပစ္စည်းချထားမလဲ ကြည့်နေတယ်။ PPAကို စောင့်နေရင်းအကြိုလုပ်ငန်းတွေလုပ်နေကြတာပါ။ ဆိုလိုတာက ကုမ္ပဏီနှစ်ခု၊ နေရာနှစ်ခု၊နည်းပညာလည်းနှစ်ခုဖြစ်သွားတဲ့ သဘောပေါ့။ ဒါကမြန်မာနိုင်ငံမှာ ပထမဦးဆုံး အကြိမ်ပြုလုပ်တာမို့ Technology ပိုင်းဆိုင်ရာအရ ရအောင်ရွေးချယ်ခြင်း ဖြစ်ပါတယ်"ဟု ဆိုသည်။

ဆက်လက်၍ "နောက်ဆုံး PPA အဆင့်ကို ရောက်နေတာပါ။ PPA ကလည်း ကုမ္ပဏီတွေက တောင်းတဲ့ ဈေးနှုန်းတစ်ခုရှိမယ်။ နိုင်ငံတော်ကလည်း ပေးနိုင်တဲ့ဈေးနှုန်းရှိမယ်။ ဒီနှစ်ခု ညှိနှိုင်းနေတာပေါ့။ ဒီလုပ်ငန်းဟာ အကျိုးအမြတ်ကို ဦးစားပေးနေတဲ့ လုပ်ငန်းမဟုတ်ပါဘူး၊ နေ့စဉ်အမှိုက်တွေ အများကြီး ထွက်တယ်။ ပုံစရာနေရာမရှိတော့ဘူး၊ နောင်မှာအမှိုက်ပုံနေရာတွေက ခက်ခဲလာပြီး ဒီတော့ဒါကိုနည်းပညာတစ်ခုအနေနဲ့ မီသိန်းထုတ်မယ်။ လျှပ်စစ်ကို ပြောင်းလိုက်တာပေါ့။ ပြောင်းလိုက်တဲ့ အတွက်ကြောင့် စီးပွားရေးအရ ကျွန်တော်တို့အတွက် တွက်ခြေမကိုက်ပေမယ့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာကျတော့ ရေထု၊ မြေထုနှင့် လေထုညစ်ညမ်းမှုကို ကာကွယ်တားဆီးတယ်။ ဒါဟာ ရန်ကုန်မြို့မှာရှိတဲ့ ပြည်သူအပါအဝင် ဒေသခံတွေအတွက်ပါ အလွန်ကောင်းမွန်တဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်" ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာ အောင်မြင့်မော်က ပြောပြသည်။

ထိန်ပင်အမှိုက်ပုံနှင့် ထားဝယ်ချောင် အမှိုက်ပုံတို့မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ဧပြီ ၂၇ ရက်က ကုမ္ပဏီ ၄၃ ခုကို စတင်တင်ဒါခေါ်ယူလိုက်ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အဆိုပါကုမ္ပဏီနှစ်ခုအား ရွေးချယ်ခဲ့ခြင်းဖြစ်ရာ လက်ရှိအနေအထားအရ PPA အဆင့်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် စီမံကိန်းများအကောင်အထည်ဖော် ချမှတ်ဆောင်ရွက်၍ စက်ရုံများ တည်ဆောက်ပြီးစီးပါက အဆိုပါမြေနေရာများမှာ အနံ့အသက်ဆိုးရွားမှုမှ ကင်းလွတ်လာနိုင်ကြောင်း သိရသည်။

**တင်လှမောင်**



## ဒီရေတောသစ်ပင်စိုက်ပျိုးရေးနှင့် ထိန်းသိမ်းကာကွယ်ရေး ပညာပေးဟောပြော

**သံဖြူဇရပ် စက်တင်ဘာ ၂၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သစ်တောဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဒီရေတောသစ်ပင် မိုးရာသီစိုက်ပျိုးပွဲ (Special Tree Planting Ceremony) လူထု လှုပ်ရှားမှု ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ကျိုက္ခမိမြို့ မြို့မဈေးရပ်ကွက် ပင်လယ်ကမ်းစပ်၌ စက်တင်ဘာ ၂၂ ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲတွင် ပင်လယ်ကမ်းစပ်၌ ဖြစ်ထွန်းအောင်မြင်ခဲ့သော သမ့်ပင် ၃၀၀ ကို စနစ်တကျငုတ်ရိုက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းက မြေချစိုက်ပျိုးခဲ့သည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျိုက္ခမိမြို့ပေါ် ခြောက်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပါဝင်စိုက်ပျိုးခဲ့သည်။

ယင်းနောက် ကျိုက္ခမိမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဖိုးချို့က သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဒီရေတောများ ထိန်းသိမ်းစောင့်ရှောက်ရေး အကြောင်း သိကောင်းစရာများ၊ ဒီရေတောပျက်စီးရခြင်းအကြောင်းအရင်းများ၊ ဒီရေတော၏ အကျိုးကျေးဇူးများ ၊ ဒီရေတောရှိပါက ပျက်စီးဆုံးရှုံးမှုနည်းပါးသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒီရေတောပင်များ စိုက်ပျိုးသင့်ကြောင်း သဘာဝအလျောက်ပေါက်သော ဒီရေတောပင်ကိုလည်း ထိန်းသိမ်းသင့်ကြောင်း ပညာပေးဟောပြောခဲ့သည်။ **(၁၀၈)**



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်နှင့် ဝန်ထမ်းများ စက်တင်ဘာ ၂၅ ရက်က အလက(၂)တွင် စာပေမြင့်မှ လူမျိုးတင့်မည် ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ကျင်းပစဉ်။ လှလှ

**International Non Government Organization များသို့ အသိပေးမေတ္တာရပ်ခံချက်**

ဘာသာရေး၊ ကုသိုလ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ဆင်းရဲနွမ်းပါးသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ရည်ရွယ်၍ ထောက်ပံ့ပေးကမ်းခြင်းသက်သက်အတွက်ရရှိသည့်ဝင်ငွေ၊ ထုတ်လုပ်ရောင်းချသည့်ကုန်စည် သို့မဟုတ် ဆောင်ရွက်သည့် ဝန်ဆောင်မှုတို့အပေါ် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များအရ အခွန်ကင်းလွတ်ခွင့်ပြုထားပါသည်။

၁၉၅၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေအရ လည်းကောင်း၊ ၁၉၆၁ ခုနှစ် သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်း သဘောတူစာချုပ်အရလည်းကောင်း၊ ၁၉၆၃ခုနှစ် ကောင်စစ်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်းသဘောတူစာချုပ်အရလည်းကောင်း နှစ်နိုင်ငံအပြန်အလှန်လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာများ၊ စာချုပ်များအရလည်းကောင်း ဝင်ငွေခွန်ကင်းလွတ်ခွင့်မပြုထားပါက INGO အဖွဲ့အစည်းတွင် ပါဝင်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် ရရှိသည့်လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ လစာနှင့် လုပ်ခအစားရရှိသည့် ခံစားပိုင်ခွင့်သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသော အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်များအပေါ် တည်ဆဲဝင်ငွေခွန်ဥပဒေပုဒ်မ ၉ အရ လစာခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိမည် ဖြစ်ပါသည်။

ထိုကဲ့သို့သော INGO အဖွဲ့များမှ ဝန်ထမ်းများသို့ လစာငွေထုတ်ပေးရန် တာဝန်ရှိသူအနေဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ)အရ ငွေထုတ်ပေးချိန်၌ ကျသင့်သောအခွန်ကို နုတ်ယူခြင်း၊ ဝင်ငွေခွန်စည်းမျဉ်း ၁၄၊ စည်းမျဉ်းခွဲ (ခ)နှင့်အညီ နုတ်ယူထားသည့်ရက်မှ ခုနစ်ရက်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းခြင်း၊ စည်းမျဉ်းခွဲ(ဂ)နှင့်အညီ နုတ်ယူထားငွေနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို နုတ်ယူသည့်ရက်မှ ခုနစ်ရက်အတွင်း ပေးပို့ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

INGO အဖွဲ့အစည်းအနေဖြင့် လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်အခွင့်အရေးစသည်တို့အတွက် ငွေပေးချေခြင်း၊ ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူစာချုပ် သို့မဟုတ် သဘောတူညီချက်တစ်ရပ်ရပ်ဖြင့် ပြည်တွင်း၌ သမဝါယမကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍတို့ထံမှ ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်းများ ဆောင်ရွက်သည့်အခါ ငွေပေးချေရာ၌ ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (င)ပါ ပြဋ္ဌာန်းချက်အရ ပင်ရင်းမှ ဝင်ငွေခွန် နုတ်ယူပေးသွင်းရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၀ပါ အခွန်နှုန်းများအတိုင်း နုတ်ယူပေးသွင်းရန် တာဝန်ရှိပါသည်။

INGO အဖွဲ့အစည်းပိုင်အဖြစ် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများဝယ်ယူခြင်း၊ အမည်ပြောင်းလဲခြင်းတို့ပြုလုပ်ရာတွင်လည်း အခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၂ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့က ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ သိလိုသောသတင်းအချက်အလက်များကို မေးမြန်းတောင်းခံလာပါက သက်ဆိုင်ရာ INGO များအနေဖြင့် ထိုအချက်အလက်များကို ဖြေကြားပေးပို့ကြရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်။

မေးမြန်းလိုသည့်ကိစ္စများရှိပါက ဖြေကြားကူညီဆောင်ရွက်ပေးပါမည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ဖုန်း-၀၆၇-၄၃၀၀၀၁၊၀၁-၃၇၈၃၇၂**

**အမည်မှန်**
ဦးထိုအီ၏သမီး လှိုင်ကော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(H)မှ မဂျူလျားနာ၏ အမည်မှန်မှာ မဂျူလီအားနာ ဖြစ်ပါကြောင်း။
**မဂျူလီအားနာ**

**အမည်မှန်**
လှိုင်ကော်မြို့၊ အဝေးသင်တက္ကသိုလ် ဒုတိယနှစ် (ပထဝီ)မှ မဘောဘီ၏အမည်မှန်မှာ မဘောဘီထက်ဝင်း ဖြစ်ပါကြောင်း။
**မဘောဘီထက်ဝင်း**

**ဖခင်အမည်မှန်**
လှိုင်ကော်မြို့၊ အဝေးသင်တက္ကသိုလ် (ပထဝီ)မှ မဘောဘီထက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးပါစကွားလယ်သန်းတင် ဖြစ်ပါကြောင်း။
**ဦးပါစကွားလယ်သန်းတင်**

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)၊ ရုံးအမှတ်(၉)အဆောက်အအုံအား အကြီးစားပြင်ဆင်မွမ်းမံရန် ဆောက်လုပ်ရေးကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆောက်အအုံထောက်ပံ့ဌာနခွဲ၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော်၌ တစ်စောင်လျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် အချက်အလက်ပုံစံ၊ ဈေးနှုန်းပြည့်စုံစွာဖြင့် ရုံးအမှတ်(၉) အဆောက်အအုံအား အကြီးစားပြင်ဆင်မွမ်းမံရန်အတွက် လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော်သို့ ၂၇-၁၀-၂၀၁၄ရက်၊ ၁၆း၀၀နာရီအရောက် တင်ဒါပေးသွင်းနိုင်ပါသည်-

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**(က) ဖုန်း-၀၆၇-၄၁၂၃၄၂ (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်စီမံရေးရာ ဦးစီးဌာန)**
**(ခ) ဖုန်း-၀၆၇-၄၁၂၃၄၁ (ညွှန်ကြားရေးမှူး၊ အဆောက်အအုံထောက်ပံ့ဌာနခွဲ)**

**ကန့်ကွက်ရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၃၃) အမည်ပေါက် ဦးဘရိန်-ဒေါ်စောတို့၏မြေး ဒေါ်အေးသိန်း ၁၂/သလန(နိုင်)၀၇၈၀၅၄မှ ဦးဘရိန်-ဒေါ်စောတို့ ကွယ်လွန်သွားသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ငွေသွင်းချလန်(မူရင်း)၊ ဦးဘရိန်-ဒေါ်စောတို့၏ သားသမီးများဖြစ်သော ဦးပန်းညွန့်-ဒေါ်ရီတို့ ကွယ်လွန်သွားကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ တစ်ဦးတည်းသောမြေးဖြစ်ကြောင်းနှင့် တစ်ဦးတည်းသောသမီးဖြစ်ကြောင်း အဘိုးအဘွားနှင့် မိဘနှစ်ပါးစလုံးမှာ ကွယ်လွန်သွားပြီဖြစ်၍ အဘိုး အဘွား တို့၏အမည်ဖြင့် ရရှိထားသော မြေကွက်အမှတ်(၁၃၃)မှာ ၎င်းမှပင်ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# မြန်မာ့စီးပွားရေးဘဏ် နိုင်ငံခြားငွေလုပ်ငန်းဌာန(ရန်ကုန်)ဖွင့်ပြီ

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ရန်ကုန် စက်တင်ဘာ ၂၈**

ငွေကြေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် ငွေကြေးစီးဆင်းမှု လျင်မြန်လုံခြုံမှုရှိစေရန် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၌ ငွေကြေးလည်ပတ် စီးဆင်းမှုများကောင်းမွန်စေရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကအပိုင်းတို့က ဟန်ချက်ညီစွာ ဖြည့်ဆည်းလုပ်ကိုင်လျက် ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းငွေကြေးလုပ်ငန်းများအပြင် နိုင်ငံခြားငွေကြေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ နိုင်ငံခြားငွေလုပ်ငန်းဌာန(ရန်ကုန်)ကို ဆူးလေဘုရားလမ်းနှင့်ကုန်သည် လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံ၌ စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲက ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**

"ပြည်တွင်းပြည်ပ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေကို မြန်မာ့စီးပွားရေးဘဏ်ကလည်း ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပြည်သူ့ဗဟိုပြုလုပ်ငန်းဖြစ်တာနဲ့အညီ စီးပွားရေးလုပ်ငန်း အများအပြားရှိတဲ့ ရန်ကုန်မြို့မှာ ယခုလို နိုင်ငံခြားငွေလုပ်ငန်းဌာန(ရန်ကုန်)ကို ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင်နယ်စပ်ကုန်သွယ်ရေး၊ ပုံမှန်ကုန်သွယ်ရေးတွေအတွက်လည်း အဆင်ပြေစေဖို့ အခုလို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်"ဟု မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာ ဦးလှမြင့်အောင်က ပြောသည်။

မြန်မာ့စီးပွားရေးဘဏ်၏ နိုင်ငံခြားငွေလုပ်ငန်းဌာနကို ၁၉၉၆ ခုနှစ်က ယခုနေရာ၌ စတင်ဖွင့်လှစ်ခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် နေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ ယခုအခါ ရန်ကုန်မြို့၌ ပြန်လည်ဖွင့်လှစ်ခြင်း ဖြစ်သည်။ ယခုအချိန်၌ နေပြည်တော်တွင်လည်း နိုင်ငံခြားငွေလုပ်ငန်းဌာနတစ်ခု ဖွင့်လှစ်ထားသကဲ့သို့ ရန်ကုန်မြို့တွင်လည်း ယခုအခါ နိုင်ငံခြားငွေလုပ်ငန်းဌာန တစ်ခုကို လာရောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ယခုနိုင်ငံခြားငွေလုပ်ငန်းဌာန ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံခြားငွေစာရင်းရှင် ဖွင့်လှစ်ခြင်း၊ နိုင်ငံခြားငွေများကို ပြည်တွင်းနိုင်ငံခြားငွေစာရင်းတစ်ခုမှ တစ်ခုသို့ လွှဲပြောင်းပေးခြင်း၊ ပြည်ပမှလွှဲပို့ငွေကို လက်ခံခြင်း ၊ ပြည်ပသို့ ပြန်လည်လွှဲပို့ပါက လွှဲပြောင်းပေးခြင်း၊ ပို့ကုန်သွင်းကုန်ငွေလွှဲစာတမ်းများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးလွှဲပြောင်းမှုများကို လက်ခံဆောင်ရွက်ခြင်း၊ May Money Express စနစ်ဖြင့် မလေးရှားနိုင်ငံရောက် အလုပ်သမားများမှ လွှဲပြောင်းပို့ငွေများ လက်ခံဆောင်ရွက်ပေးခြင်းများကို လာမည့်အောက်တိုဘာ ၂ရက်မှ စတင်ကာ ဝန်ဆောင်မှုများပေးမည်ဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ် နိုင်ငံခြားငွေလုပ်ငန်းဌာန(ရန်ကုန်) အနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာတို့ဖြင့် စာရင်းရှင်စာရင်းဖွင့်လှစ်ပေးခြင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲအချင်းချင်းနှင့် ပြည်တွင်းပြည်ပဘဏ်များအကြား နိုင်ငံခြား ငွေစာရင်းတစ်ခုမှ တစ်ခုသို့ ပြောင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

## သတင်းတို

### တစ်ကိုယ်ရေသန့်ရှင်းရေး ဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရှိ အမှတ်(၁၀)အခြေခံပညာ အလယ်တန်းကျောင်း၌ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀နာရီ ခန့်က မြို့နယ် ကျန်းမာရေးအဖွဲ့မှ ကျောင်းသားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။ ထို့နောက် ကျောင်းအတွင်းရှိ မုန့်ဈေးတန်းများ၊ ကျောင်းသုံးအိမ်သာများကို စစ်ဆေးခဲ့ပြီး ကျောင်းသားများအား သွားနှင့်ခံတွင်း၊ လက်သည်း ခြေသည်းများ စစ်ဆေးခဲ့သည့်အပြင် ကိုယ်အလေးချိန်ပါ ချိန်ပေးခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

**လူကုန်ကူးမှုတွန်းလှန်မှ**
**လူသားဘဝလုံခြုံရ**

# မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုသွေးလှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံ၌ ပြည်ထဲရေးဝန်ကြီးဌာနမှ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် ရွှေရတုပြည့်မြောက် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၆၀ တို့သည် စက်တင်ဘာ ၂၆ ရက်တွင် စုပေါင်းသွေးလှူဒါန်းကြရာ တပ်ဖွဲ့ခွဲမှူးဒုတိယရဲမှူးကြီး သန်းထိုက်စိုး ဦးဆောင်သော အရာရှိများက သွေးလှူဒါန်းမှုများကို လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို ဖြည့်စွက်အာဟာရများ၊ ကြက်ဥနှင့် အချိုရည်များကျွေးမွေးခဲ့ကြောင်း၊ အရေးပေါ်တက်ရောက်ကုသနေသော လူနာများမှာလည်း လိုအပ်သော သွေးအမျိုးအစားများအား ရရှိသွားကာ အချိန်မီ ကုသနိုင်သည့်အတွက် ကြောင့် မိသားစုအလိုက် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ သွေးလှူဒါန်းမှုပြုသော တပ်ဖွဲ့ဝင်များနှင့် ရဲအရာရှိများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ကျောက်မဲဘိုးဘွားရိပ်သာဆောက်လုပ်ရေး အလှူရှင်များ ငွေလှူဒါန်း

**သီပေါ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာအုပ်စု တောင်နောက်ကျေးရွာ ငြိမ်းချမ်းရေးဘုရားကြီးအနီး ကျောက်မဲ-မိုးကုတ်ကားလမ်းဘေးတွင် ငွေကျပ်သိန်းပေါင်း ခြောက်ထောင်ကျော် ကုန်ကျမည့် အဆင့်မြင့်ဘိုးဘွားရိပ်သာကြီးတစ်ခုကို တည်ဆောက်လျက်ရှိသည်။

အဆိုပါ ဘိုးဘွားရိပ်သာကြီးဆောက်လုပ်ရာတွင် သီပေါမြို့အနောက်ရပ်နေ ဒေါ်ခင်ရီနှင့် သားသမီးမြေးတစ်စုတို့က ဆရာကြီး ဦးအောင်သန်းဦးကိုရည်စူး၍ အလှူငွေကျပ် ၁၉ သိန်းကို ကျောက်မဲဘိုးဘွားရိပ်သာ ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးနှင့် အတွင်းရေးမှူး ဒေါ်ခင်မိုးမိုးထံသို့ စက်တင်ဘာ ၂၅ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

လူမျိုးဘာသာမရွေး အဆင့်မြင့်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစင်တာ (ဘိုးဘွားရိပ်သာ)အတွက် အလှူငွေများလှူဒါန်းလိုပါက ဖုန်း ၀၉-၄၇၃၀၇၁၁၃၊ ၀၉-၅၂၇၆၃၀၁ နှင့် ဖုန်း ၀၉-၉၁၀၀၄၈၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**


## တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တင်ဒါခေါ်ယူလိုပါသည်။

| စဉ် | ဆောင်ရွက်ရမည့်လုပ်ငန်း | တည်နေရာ | ဆောင်ရွက်ရမည့်ဈေးနှုန်း |
|---|---|---|---|
| ၁။ | မန္တလေး-ချောင်းဝန်းလမ်းမြို့တွင်း (၃/၇)မှ (၄/၂)အတွင်းကျောက်စီရေမြောင်းတစ်ဖက်ပြုလုပ်ခြင်း၊ ရွာဝင်လမ်းများအတွက် Concrete Slab ကျောက်စီရေမြောင်းဖုံးများပြုလုပ်ခြင်း။ | မန္တလေး-ချောင်းဝန်းလမ်း မိုင်တိုင် ၃/၇-၄/၂အတွင်း ပုသိမ်ကြီးမြို့နယ် | ၄၁.၈၁၈၆(အမြင့်ဆုံးဈေး)<br>၄၁.၀၀(အနိမ့်ဆုံးဈေး) |

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၁၀-၁၀-၂၀၁၄ရက်မှ ၁၁-၁၀-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** **-ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၆၆၃၇၁**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း


ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အိမ်အမှတ်(၅၄)၊ ဘူတာရုံလမ်း၊ လိပ်စာပါနေ ဒေါ်မင်းမင်းထိုက်က အကွက်အမှတ်(၆၀/က)၊အကွက်အမည် ထောင်ကြီးအကွက်၊ ဦးပိုင်အမှတ် (၄၆/စ၂) မြေဧရိယာ ၀ ဒသမ ၀၂၇၈ဧကရှိ မြေကို လူနေမြေငှားဂရန် အမည်ပြောင်းလျှောက်ထားမှုနှင့်ပတ်သက်၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၆၇၊ ဧရိယာ(၄၀'×၆၀')အကျယ်ရှိ ဒေါ်တင်တင်ဝင်း RLN- ၀၃၈၀၅၄ အမည်ပေါက်(ပါမစ်မြေအမျိုးအစား)မြေကွက်ကို ဆက်စပ်စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိသူ ဦးရေချမ်းမြင့် ၉/ပမန(နိုင်)၁၅၉၈၂၂ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုလျှင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံတွင် စာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိန်လွင်(စဉ်-၇၀၉၇)** **ဦးနိုင်ဝင်း(စဉ်-၃၁၁၁၁)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ် ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/3422 MERCEDES, Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၂/လကန(နိုင်)၁၆၆၄၈၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၉-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၉) အများသိစေရန် ကြေညာချက်တွင် အဆောက်အအုံ အင်ဂျင်နီယာလိုင်စင် အရည်အချင်းစစ်စာမေးပွဲကို ၁၀-၁၀-၂၀၁၄ ရက် (သောကြာနေ့)အစား ၁၁-၁၀-၂၀၁၄ရက်(စနေနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

| | |
|---|---|
| **ဖခင်အမည်မှန်** | ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်း၊ ကမာကေး အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မသန်းသန်းဦး၏ ဖခင်အမည်မှန်မှာ ဦးရွှေထွန်း ၁၀/ခဆန(နိုင်) ၀၈၇၄၇၃ ဖြစ်ပါကြောင်း။ |

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# EXIM BANK မှရရှိမည့် အမေရိကန်ဒေါ်လာသန်း ၃၀၀ ထုတ်ချေးငွေနှင့်ပတ်သက်၍ သမဝါယမအသင်းသားများအား တွေ့ဆုံရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဓမ္မာရုံတွင် EXIM BANK မှ ရရှိမည့် အမေရိကန် ဒေါ်လာသန်း ၃၀၀ ထုတ်ချေးငွေနှင့်ပတ်သက်၍ သမဝါယမအသင်းသားများ တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ နေပြည်တော် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးမျိုးချစ်က EXIM BANK မှရရှိမည့် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထုတ်ချေးငွေနှင့်ပတ်သက်၍ ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ပေးမည်ဖြစ်ကြောင်း၊ အတိုးနှုန်းကို ယခင် ၁၈ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း ချေးငွေမရရှိသေးသည့် စိုက်ပျိုးရေး/မွေးမြူရေး သမဝါယမအသင်းများ၊ အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုန်ထုတ်အသင်းများကို ချေးငွေထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Action Plan လုပ်ငန်းခုနစ်ရပ်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ဆက်လက်၍ နေပြည်တော်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အသင်းသားများသို့ ထုတ်ချေးငွေများနှင့်ပတ်သက်ပြီး သတ်မှတ်ထားသည့်လုပ်ငန်းများတွင် သုံးစွဲကြရန်နှင့် သမဝါယမအသင်းများ အောင်မြင်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရေးကြိုးစားသွားရန်၊ သတ်မှတ်သည့်ကာလတွင် ချေးငွေအပြေအကျေ ပြန်လည်ပေးဆပ်ရန် လိုအပ်ပါကြောင်း ဖြည့်စွက်ဆွေးနွေးပြီး အသင်းသားများ၏ ပြန်လည်ဆွေးနွေးမေးမြန်းချက်များကို ဒုတိယညွှန်ကြားရေးမှူးက ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အထောက်အကူပြုအဖွဲ့မှ ဒေါက်တာဦးခင်မောင်ထွန်း၊ ဦးတင်စိုး၊ တပ်ကုန်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်၊ သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် သမဝါယမအသင်းသားများ စုစုပေါင်း ၁၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်**

# မောင်တောတွင် မိုးစပါးစံပြစိုက်ကွက်များကို ကွင်းဆင်းစစ်ဆေး

**မောင်တော စက်တင်ဘာ ၂၈**

မောင်တောခရိုင်အတွင်း မိုးစပါးစံပြကွက်များရှိ မိုးစပါးစိုက်ပျိုးထားရှိမှုကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇံသာက မောင်တောမြို့သူကြီးကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၁၀၉/ခ)ရှိ မောင်တောခရိုင် မိုးစပါးစံပြစိုက်ကွက်ဧက ၅၀ နှင့် မြို့နယ်မိုးစပါး စံပြကွက်ဧက ၅၀ တို့ကို ကွင်းဆင်းစစ်ဆေးခဲ့ရာ မောင်တောမြို့နယ် ဦးစီးမှူး ဦးသိန်းဝေက စံကွက်တွင်စိုက်ပျိုးထားရှိသော မျိုးများ၊ စပါးတစ်ဧကတင်း ၁၀၀ နှုန်းအထက် ထွက်ရန် လိုက်နာလုပ်ဆောင်ရမည့် စိုက်ပျိုးနည်းများကို တောင်သူများအား အသိပညာပေးမှုများ၊ စံကွက်အတွင်း မျိုးစပါးစိုက်ပျိုးမှု အခြေအနေနှင့် လက်ရှိ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းပြခဲ့သည်။ ထို့နောက် မောင်တောမြို့နယ်ရှိ မိုးစပါးစိုက်ပျိုးမှုအခြေအနေများကို လိုက်လံစစ်ဆေးရာ တောင်သူများအား ယခုထက်ပိုမိုစပါးအထွက်တိုးရန် ပညာပေးဆွေးနွေး ဟောပြောမှာကြားခဲ့ပြီး ဘူးသီးတောင်မြို့နယ်တွင် ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



# နမ့်ခမ်းမြို့ စည်ပင်သာယာဈေးကော်မတီ အမှုဆောင်သစ်ရွေးချယ်ဖွဲ့စည်း

**နမ့်ခမ်း စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ စည်ပင်သာယာဈေးကြီး လှပသာယာသန့်ရှင်းရေး၊ ဈေးသူဈေးသားများအကျိုး ဆောင်ရွက်နိုင်ရေး၊ မီးဘေးအန္တရာယ်နှင့် ဈေးလုံခြုံမှု ဆောင်ရွက်နိုင်ရေး၊ ဈေးသူဈေးသားများ၏ လိုအပ်ချက်ကို ဆောင်ရွက်နိုင်ရေးအတွက် ဈေးကော်မတီ အမှုဆောင်သစ်များ ရွေးချယ်ခြင်း၊ ဈေးရုံတာဝန်ခံများ ရွေးချယ်ခြင်းကို စက်တင်ဘာ ၂၄ ရက်က နမ့်ခမ်းမြို့ ကျားဖြူခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်ဆွေက ဈေးကော်မတီပြန်လည်ရွေးချယ်ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဈေးကော်မတီ အမှုဆောင်သစ်ကို ရွေးချယ်ရာ တက်ရောက်လာကြသော ဈေးသူဈေးသားများထဲမှ မဲစနစ်ဖြင့် အမှုဆောင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့သည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဥက္ကဋ္ဌ ဦးစိုင်းဆိုင်က ရွေးချယ်ထားသော ကော်မတီအမှုဆောင်အမည်စာရင်းကို ဖတ်ကြား၍ ဈေးသူ ဈေးသားများ၏ ဆန္ဒကို ရယူလျက် အတည်ပြုပေးခဲ့သည်။

ဈေးကော်မတီ ရွေးချယ်ပွဲတွင် မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာန၊ စည်ပင်သာယာရေးကော်မတီနှင့် ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



# ကျောက်တော်ကြီး စန္ဒာမုနိနှင့် ကုသိုလ်တော်ဘုရားပွဲများ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၈**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျောက်တော်ကြီး စန္ဒာမုနိနှင့် ကုသိုလ်တော်ဘုရားသုံးဆူ၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၃ ရက်မှ လပြည့်ကျော် ၇ ရက်(အောက်တိုဘာ ၆ ရက်မှ ၁၅ ရက်အထိ) ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုရားပွဲတော်ကြီးသည် မန္တလေးမြို့ရှိ ဘုရားပွဲတော်များအနက် ရက်အရှည်ဆုံးကျင်းပသည့် ဘုရားပွဲတော်ဖြစ်ပြီး သံဃာတော်များအား ဆွမ်းကြီးလောင်းလှူပွဲများအနေဖြင့် ကျောက်တော်ကြီးဘုရားတွင် သံဃာတော် ၆၃၅ ပါး၊ စန္ဒာမုနိဘုရားတွင် သံဃာတော်အပါး ၂၅၀၊ ကုသိုလ်တော်ဘုရားတွင် သံဃာအပါး ၃၂၀၀ တို့အား ဘုံဆွမ်းများဆက်ကပ်လှူဒါန်းကြမည့်အပြင် အနီးအနားရပ်ကွက်ကျေးရွာများရှိ စေတနာရှင်ပြည်သူများကလည်း သပိတ် ၆၀၀ ကျော် လှူဒါန်းပေးကြမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပညာရေးမြှင့်တင်မှုနှင့် ဆရာများ၏ အခန်းကဏ္ဍအလုပ်ရုံဆွေးနွေးပွဲ

**သံတောင်ကြီး စက်တင်ဘာ ၂၈**

နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံ့ဝန်ထမ်းများအားလုံး လုပ်ငန်းများ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ရေးအတွက် အရည်အချင်းမြှင့်တင်ရေး စွမ်းရည်မြှင့်သင်တန်းစီမံချက်အရ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ပညာရေးမြှင့်တင်မှုအစီအစဉ်ဖြင့် ဆရာများ၏ အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် စွမ်းရည်မြှင့်သင်တန်းကို စက်တင်ဘာ ၁၉ရက် နံနက် ၉ နာရီက သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲနှင့် စွမ်းရည်မြှင့်သင်တန်းကို စက်တင်ဘာ ၁၉ ရက်မှ ၂၂ရက်အထိ ကျင်းပခဲ့ပြီး သင်တန်းသို့ သံတောင်ကြီးမြို့နယ် လိပ်သိုမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမ ၁၀၀ နှင့် မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြဆရာ ဆရာမ ၇၀၅ဦး စုစုပေါင်း ၈၀၅ဦးတက်ရောက်ခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် စွမ်းရည်မြှင့်သင်တန်းတွင် သင်တန်းနည်းပြ ဆရာ ဆရာမများဖြစ်ကြသည့် သံတောင်ကြီးမြို့နယ် ပညာရေးမှူး ဆရာမကြီး နော်ပုလဲစိုး သပြေညွှန့်၊ အထက ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးနှင့် သံမိုးတောင်ရွာ အထက(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး နော်ဖောဇာအေး တို့က ပညာရေးရည်မှန်းချက်မြှင့်တင်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

**(၁၁၃)**


## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၄ခုနှစ် အောက်တိုဘာ ၁ ရက် (ဗုဒ္ဓဟူးနေ့)သည် ဘဏ်ပိတ်ရက်ဖြစ်သဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## အလိုရှိသည်

စက်ကြိုးပန်းထိမ်ကျွမ်းကျင်ဆရာ ၅ ဦး
(လစာကောင်းပေးမည်)။

**ဖုန်း-၀၉-၃၃၈၈၈၈၃၄**

## CATHERINE
## ခန်းဆီးလိုက်ကာနှင့် အိမ်တွင်းအလှဆင်လုပ်ငန်း

- Marketing(ကျွမ်းကျင်) M/F (2)Posts
- ဘွဲ့ရပြီးသူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက်ရှိရမည်။
- ရုပ်ရည်သန့်ပြန့်ပြီး စကားအပြောအဆို ပြေပြစ်သူဖြစ်ရမည်။
- လစာအပြင် ရောင်းအားပေါ်မူတည်ပြီး ထပ်တိုးခံစားခွင့်ပေးမည်။
- လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ လျှောက်ထားနိုင်သည်။

**ဆက်သွယ်ရန်**
**အမှတ်(ဝိုင်)၊ သုခဝတီအိမ်ရာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၀၀၅၂၀၆**

## ဝန်ထမ်းအလိုရှိသည်
## FONECLUB (ဖုန်းပြုပြင်ရေးသုံးပစ္စည်းဖြန့်ချိရေး)

1. **Cashier** မ (၂) ဦး
Microsoft Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ LCCI Level 1,2 အောင်မြင်ပြီးသူ Cashier လုပ်ငန်းအတွေ့အကြုံရှိသူ။
2. **Marketing** (ဖုန်းနှင့် Marketing ဆင်းရန်) မ (၂) ဦး
Microsoft Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ Marketing အတွေ့အကြုံရှိသူ။
3. **Sales** မ (၅) ဦး
ဘွဲ့ရအင်္ဂလိပ်စာအခြေခံအသင့်အတင့်ရှိသူ။
4. **ပစ္စည်းပို့** ကျား (၃) ဦး
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ အင်္ဂလိပ်စာအခြေခံအသင့်အတင့်ရှိသူ။
6. **Purchase** (၂) ဦး
တရုတ်စကား အပြော၊ အရေး၊ Excel ကျွမ်းကျင်၊ အင်တာနက်ကျွမ်းကျင်၊ ဖုန်းစိတ်ဝင်စားသူ။

ရုံးချိန်=နံနက် ၉နာရီမှ ညနေ ၆နာရီ တစ်ပတ်တစ်ရက်နား၊ နေ့လယ်စာငြိမ်း၊ ရက်မှန်ကြေးနှင့် Over Time ကြေးခံစားခွင့်ရှိသည်။ Bonus ခံစားခွင့်ရှိသည်။ လုပ်ငန်းကျွမ်းကျင်အောင် Training ပေးမည်။ လစာညှိနှိုင်း။

CV Form၊ ဓာတ်ပုံ (၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာနှင့်တကွ ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ-တိုက်(၈)၊ အခန်း (၆) ပထမထပ်၊ နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်၊ ယုဇနပလာဇာအေး၊ ကိုနေမျိုး ဖုန်း-၀၉-၄၄၄၀၀၉၉၁၉**

## ကောင်းစွမ်းထက် ကုမ္ပဏီလီမိတက်

**အမှတ် J(21-25)၊ သီရိရတနာလက်လီလက်ကားဈေး၊ (၄)တိုးချဲ့ရပ်ကွက် (အောင်မင်္ဂလာကားဝင်းအနီး)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ကောင်းစွမ်းထက်တာယာဖြန့်ချိရေးမှ အောက်ပါဝန်ထမ်းများ အလိုရှိသည်။**

ရောင်းမောင်း ၂ ဦး၊ အရောင်းဝန်ထမ်း ၁ ဦး

**လိုအပ်ချက်**

၁။ ဈေးကွက်ဆင်းလုပ်ငန်းတွင် တစ်နှစ်နှင့်အထက် အတွေ့အကြုံရှိသူဖြစ်ရမည်။
၂။ ဈေးကွက်ဆင်းလုပ်ငန်းကို စိတ်ဝင်စား၍ အားကြိုးမာန်တက် လုပ်ဆောင်နိုင်သူဖြစ်ရမည်။
၃။ အကျင့်စာရိတ္တကောင်းမွန်၍ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။
၄။ အသက် ၂၅ နှစ်မှ ၃၅ နှစ်အတွင်းဖြစ်ရမည်။
၅။ အစိုးရအသိအမှတ်ပြုဘွဲ့တစ်ခုကိုင်ဆောင်ထားသူဖြစ်ရမည်။
၆။ ပြောဆိုဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။
၇။ အသင်းအဖွဲ့(အများသူ)နှင့် ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
၈။ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
၉။ ယာဉ်မောင်း (ဂ)လိုင်စင်နှင့်အထက်ရှိ၍ ရန်ကုန်မြို့တွင် ကျွမ်းကျင်စွာမောင်းနှင်နိုင်သူအား ဦးစားပေးမည်။

အခြေခံလစာနှင့် ကော်မရှင်စနစ်ဖြင့် မိမိအရည်အချင်းနှင့် ကြိုးစားမှုအလိုက် ခံစားခွင့်ရှိသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၄၂၆၂၂၆၆၊ ၀၉-၇၃၀၆၇၆၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၁၊ မြေကွက်အမှတ် ၁၁၃၉၊ မြေကွက်တည်နေရာအမှတ် ၁၁၃၉၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း (ဦးကျော်ရင်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်ရင် ၁၂/အစန(နိုင်)၀၅၁၁၅၈ ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၇၈၅ အမည်ပေါက် ဦးချီးနယား၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခိုင်ခိုင်ဦး ၁၂/ပဇတ(နိုင်)၀၀၀၉၈၉မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အမည်ပြောင်း

ဦးကြည်ဝင်း၅/ဘတလ(နိုင်)၀၂၈၀၂၆ ၏သားယင်းမာပင်ခရိုင်၊ဆားလင်းကြီးမြို့နယ်၊ညောင်ပင်ကြီး၊ အထက တက္ကသိုလ်ဝင်တန်း (D)မှ မောင်စည်သူလွင်အား မောင်ညီသူဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ညီသူဝင်း**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ဆိုးလ်မြို့ရှိ Gyeongbokgung Palace အား ကြည့်ရှုလေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Sejong ဘုရင် ရုပ်တုတွင် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

**နေပြည်တော် စက်တင်ဘာ ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ Gyeongbokgung Palace နန်းတော်ရာရှေ့ ဥပစာရင်ပြင်ရှိ Sejong ဘုရင်ရုပ်တု၊ စစ်သူကြီး Lee Soon-Shin ရုပ်တုနှင့် နန်းတော်ရာအတွင်း ကြည့်ရှုလေ့လာကြသည်။

Gyeongbokgung Palace နန်းတော်ရာသည် ကိုရီးယားဂျိုဆွန်မင်းဆက် စတင်ထူထောင်ပြီး သုံးနှစ်ကြာ ၁၃၉၅ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်၍ ကိုရီးယားမင်းအဆက်ဆက် နှစ်ပေါင်း ၅၀၀ ကျော်မျှ နန်းစိုက်ခဲ့သည့် သမိုင်းဝင်နန်းတော်ဟောင်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိပြီး သံအမတ်ကြီး ဦးစိုးလွင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မြင့်ဟိန်းနှင့်ဇနီး၊ သင်တန်းသားအရာရှိများ၊ မြန်မာသံရုံးနှင့်စစ်သံရုံး မိသားစုဝင်များနှင့် တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား သံအမတ်ကြီး ဦးစိုးလွင်နှင့်ဇနီးတို့က ညစာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တောင်တက်သမားနှစ်ဦးနှင့် ထပ်မံပျောက်ဆုံးနေသည့် ရဟတ်ယာဉ်တို့ကို ရှာဖွေရေးကြိုးပမ်းနေ

**ခင်ရတနာ-ရေးသည်**

**ပူတာအို စက်တင်ဘာ ၂၈**

သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ပျောက်ဆုံးနေသော တောင်တက်သမားနှစ်ဦးကို ရှာဖွေနေသည့် ကယ်ဆယ်ရှာဖွေရေး ရဟတ်ယာဉ်ဘီဖိုးနှင့် အဆက်အသွယ် ပြန်လည်ရရှိရန် ထူးဖောင်ဒေးရှင်းမှ ဘီသရီး ရဟတ်ယာဉ်နှစ်စင်းနှင့် တပ်မတော်လေမှ အမ်အိုင် ၁၇ ရဟတ်ယာဉ် တစ်စင်းတို့ ဝေဟင်မှ ဆက်တိုက် ရှာဖွေလျက်ရှိပြီး နယ်မြေခံတပ်ရင်းများမှ တပ်ဖွဲ့ဝင်များနှင့် ဒေသခံများကလည်း ပျောက်ဆုံးတောင်တက်သမားနှစ်ဦးနှင့် ရဟတ်ယာဉ်ဘီဖိုးကို လာရောက်ကူညီ ရှာဖွေပေးလျက်ရှိကြောင်း သိရသည်။

တောင်တက်သမားနှစ်ဦးအား ရှာဖွေခြင်းကို ယနေ့နံနက် ၇ နာရီမှ စတင်ကာ လုပ်ဆောင်လျက်ရှိပြီး ရှာဖွေရေးရဟတ်ယာဉ် သုံးစင်းအနက် ဘီသရီးရဟတ်ယာဉ်တစ်စင်းမှာ ခါကာဘိုရာဇီတောင်၏ အမြင့်ပေ ၁၉၀၀၀ အထိ တက်ရောက်ခဲ့ပြီး ပျောက်ဆုံးရဟတ်ယာဉ်နှင့် တောင်တက်သမားနှစ်ဦးအား ရှာဖွေခဲ့သော်လည်း ယနေ့ ည ၇ နာရီအထိ ထူးခြားမှုမရှိသေးကြောင်း ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတေဇထံမှ သိရသည်။



ပေပေါင်း ၁၉၀၀၀ ကျော်အထိ တက်ရောက်ကာ ရှာဖွေရေးဆောင်ရွက်ခဲ့သော ဘီသရီးရဟတ်ယာဉ် အခြေစိုက်စခန်းသို့ ပြန်လည်ဆင်းသက်လာစဉ်။

"ကံတရားက ကျွန်တော်တို့ဘက်မှာမရှိပါဘူး။ အကောင်းဆုံးကြိုးစားခဲ့ပေမယ့် အခက်အခဲတွေက အလွန်များနေပါတယ်။ မနေ့နေ့လယ်က ထိုင်းနိုင်ငံကနေ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနေတဲ့ ဘီဖိုးရဟတ်ယာဉ်နဲ့ အဆက်အသွယ် ပြတ်တောက်ခဲ့ပါတယ်။ ဘယ်လိုထင်မြင်ချက်မှတော့ ကျွန်တော်မပေးတတ်ပါဘူး။ စိတ်လည်း အလွန်ပူနေပါတယ်။ ထိုင်းနိုင်ငံသား လေယာဉ်မှူးအပြင်

*စာမျက်နှာ ၈ ကော်လံ ၁* ✻

## ယနေ့ မာတိကာ


ဂျပန်နိုင်ငံ မီးတောင်ပေါက်ကွဲမှု ခြေလျင်တောင်တက်သမား ၃၀ သေဆုံး စာ - ၄

ပြောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချသူအား အရေးယူထား စာ - ၅

ကျွန်တော်နဲ့ စီးပွားရေး တက္ကသိုလ်(၂) စာ - ၆

MNL အမှတ်ပေးပြိုင်ပွဲချန်ပီယံ ရတနာပုံအသင်း ဆုဖလား လက်ခံရယူ စာ - ၈

အကြမ်းဖက်မှုနှင့် လူသားမဆန် အပြုအမူများကာကွယ်တားဆီးရန် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းနှင့် ပူးပေါင်းလုပ်ဆောင်ရန် ကတိကဝတ်ပြု စာ - ၉

ရင်ပူရမယ့် လီဗာပူး၊ ရင်မောရမယ့် အာဆင်နယ်တို့ရဲ့ ချန်ပီယံလိဂ် ပွဲစဉ် (၂) စာ - ၁၃


**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။






mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

ခြောက်လက်မပတ်လည် ကွန်ကရစ်တုံးများ ရောင်းရန်ရှိသည်။
(တစ်တုံး ကျပ် ၇၀)
ဖုန်း-၀၉-၅၀၄၈၉၈၂

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
01-394727, 01-399426
09-73009994

## Fashion Euphoria ၏ သီတင်းကျွတ်အကြိုအထူးဈေးရောင်းပွဲတော်(၁၀-၉-၂၀၁၄)

Fashion Euphoria မှ ၂၀၁၄-၂၀၁၅အတွက် တီထွင်ဖန်တီးထားသော မြန်မာအမျိုးသမီးပွဲတက်ဝတ်စုံများ dinner dress, party dress များကို ထူးခြားသော တင်ဆက်ပြသမှုများနှင့် ခင်းကျင်းပြသရောင်းချပေးမည်ဖြစ်ပါသည်။ မြန်မာ့ရိုးရာချိတ်၊ ဇင်းမယ်၊ ပိုးထည်များနှင့်အရည်အသွေးအထူးကောင်းမွန်သော designer lace(ဇာ)၊ ပိုးထည်ရောင်စုံပွဲထိုင်ဇာဒီဇိုင်းအသစ်အဆန်းများ၊ Chiffon ရောင်စုံများနှင့်ကွန်ပျူတာပန်းထိုးချိတ်အသစ်များ၊ ပန်းဒီဇိုင်းအသစ်များကို အံ့သြဖွယ်အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည် ဖြစ်ပါသည်။ အထူးသဖြင့် ပြသထားသော dinner dress, party dress များကို စမ်းသပ်ဝတ်ဆင်နိုင်ပြီး ကျေနပ်နှစ်သက်ပါက ဝယ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ Fashion Euphoria ၏ မိတ်ဟောင်း မိတ်သစ်များအတွက် အထူးပြသရောင်းချပေးမည့် အစီအစဉ်တစ်ရပ်ဖြစ်ပါသောကြောင့် ကြွရောက်အားပေးကြပါရန် ဖိတ်ခေါ်အပ် ပါသည်။ Fashion Euphoria ၏ ဈေးရောင်းပွဲအစီအစဉ်တွင် Sedona Hotel ရန်ကုန်မှလည်း ဝါကျွတ်အထူးအစီအစဉ်ဖြင့် Wedding Package Facilities များကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသောကြောင့် လက်ထပ်မင်္ဂလာဆောင်နှင်းကြမည့် မောင်နှံများအား သတင်းကောင်းပါးအပ်ပါသည်။

နေရာ - Sedona Hotel, Grand Ball Room
အချိန် - နံနက် ၉နာရီမှ ညနေ ၆နာရီအထိ
ဆက်သွယ်ရန်ဖုန်း- ၀၁-၅၇၀၀၂၁၊ ၀၉-၃၃၄၇၉၀၆၂

## Viriya ဆိုင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အထူးအစီအစဉ်(၁၀-၉-၂၀၁၄)

နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်သော Viriya Luxury အမှတ်တံဆိပ် Invitation Card များကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် Customer များ အထူးကြိုက်နှစ်သက်မည့် ဒီဇိုင်းအမျိုးအစားစုံလင်သော မင်္ဂလာဖိတ်စာ၊ မွေးနေ့ဖိတ်စာ၊ Business Invitation Card၊ ရှင်ပြုနားသဖိတ်စာများကို ၅ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းအထိ အထူးဈေးနှုန်းများဖြင့် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေ့ရက် - ၁၀-၉-၂၀၁၄ရက်
အချိန် - နံနက် ၉နာရီမှ ညနေ ၆နာရီအထိ
နေရာ - Sedona Hotel, Grand Ball Room
ဖုန်း - ၀၉-၅၀၁၂၀၇၅

## တော်ဝင်သူဆိုင်ဖွင့်လှစ်ခြင်း (၆)နှစ်ပြည့်အထူးအစီအစဉ်(၁၀-၉-၂၀၁၄)

တော်ဝင်သူ ဆိုင်ဖွင့်လှစ်ခြင်း (၆)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် လက်ထပ်မင်္ဂလာဆောင်နှင်းကြမည့် မင်္ဂလာမောင်နှံများအတွက် မိတ်ကပ်၊ မင်္ဂလာဝတ်စုံ၊ လက်ဝတ်ရတနာတို့ကို ငှားရမ်းချုပ်လုပ်ရောင်းချပေးခြင်းနှင့် ပန်းအလှပြင်ဆင်ခြင်းတို့အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ၁၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိလျှော့ဈေးနှုန်းများဖြင့် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေရာ - Sedona Hotel, Grand Ball Room
အချိန် - နံနက် ၉နာရီမှ ညနေ ၆နာရီအထိ
ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၀၇၁၄၉

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်းမြို့နယ်ရှိ မြေကွက်များ ဈေးကောင်း
ပေးဝယ်သည်၊ အိမ်အရောက်ငွေပေးချေသည်၊
09-43124097

ဦးမောင်မောင်ဆွန်းမြင့်(ဆရာဆွန်း)

ငှားမည်
Showroom
01 686213 , 09 73077722

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC)

**Diploma in BUSINESS MANAGEMENT နှင့် Diploma in FINANCE & BANKING**
**အမှတ်စဉ် (၃) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Education တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်း အမှတ်စဉ် (၃)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Diploma in Business Management (DBM)
(ခ) Diploma in Finance and Banking (DFB)

၁။ အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသူများတက်ရောက်နိုင်ပါသည်။
(က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး CBM နှင့် CFS အောင်မြင်ထားသူများ
(ခ) စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဘွဲ့/ဒီပလိုမာ ရရှိပြီးသူများ
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော အောင်လက်မှတ်ရရှိပြီးသူများ
၂။ သင်တန်းကာလ (၁)နှစ် ကြာမြင့်ပြီး စက်တင်ဘာလ (၂၇)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ သင်တန်းအောင်မြင်ပြီးသူများသည် Advanced Diploma သင်တန်းမှတစ်ဆင့် The Open University of Hong Kong ၏ Bachelor of Business Administration (Finance and Banking/Management) BBA ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါသည်။ Advanced Diploma ၏ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး BBA နောက်ဆုံးနှစ်၏ သင်တန်းကာလမှာ (၁)နှစ် ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

**(လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။)**
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ STI Education
တွံတေးလမ်း (၅၃-၅၄ လမ်းကြား) ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၃၇၇၇၉၈၊ ၀၁၃၉၄၇၁၄၇၅၊ ၅၀၃၁၅၁/၅၂ ၅၀၁၀၄၈၊ ၀၉၄၂၀၈၈၁၁၁၅
၀၉၄၂၀၂၅၄၈၄၂၊ ၀၉၄၂၀၁၃၁၁၅၀

ဒီနာ ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
■ Oct 5, 19,26 ■ Nov 2,9,16,23,30 ■ Dec 7,14,21,28 ■ Jan 18,25 ■ Feb 1,8,15,22
■ Mar 1,8,15,22,29 ■ Apr 5,11,12 ● Nov 19, Feb 4)
ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
- 545215, 545216, 555173
- 542236
- 09 402 64 8989, 09 5300305

FAME
Uritec®
For urinary tract infection
ကျောက်ကပ်ရောဂါ
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Urocrush®
For renal stones
ဆီးကျောက်ပျော်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

(USA-2012) နှင့် Certificate ရ
Certificate ရ
ဖုံ-၅-ကောင် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
Ph.D (Alternative Medicines)

# 2014 MNL CHAMPION

# YADANARBON FC

ဘောလုံးအသင်းအား လှိုက်လှဲစွာ
ဂုဏ်ပြုအပ်ပါသည်

မန္တလေးတိုင်းဒေသကြီး
ဘောလုံးချစ်ပရိသတ်များ



# 2014 MNL CHAMPION

# YADANARBON FC

ဘောလုံးအသင်းအား လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်

ALPINE | SHARK ENERGY DRINK | RED HORSE ENERGY DRINK | BLUE MOUNTAIN

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ


**ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ (၂၀၁၄-၂၀၁၅ ပြောင်းလဲမှုမရှိသော ခရီးစဉ်ရက်စွဲများ)**

၁၂ ရက် -၉ သိမ်း ၁၅ ရက် -၁၀ သိမ်း } ပတ်စပို့၊ဗီဇာ၊ဝင်ကြေး၊ လေယာဉ်ခ၊အားလုံးပါဝင်ပြီး ကားခ အားလုံး ဆိုက်ပြီး

- နိုဝင်ဘာ၃၊၁၇(အားလုံးပြည့်)၊ဒီဇင်ဘာ၁(ပဒ္ဒုန်းပွဲဖွင့်ပွဲနှင့်ပိတ်ပွဲ)(၉လို)၊၁၅၊ဇန်နဝါရီ၂၆၊ဖေဖော်ဝါရီ၉၊၂၃၊မတ်၉၊၂၃၊ဧပြီ၆၊
- အောက်တိုဘာ ၃၊၁၇၊၃၀ (အားလုံးပြည့်)၊ နိုဝင်ဘာ ၇၊၁၄၊၂၀ (ပဒ္ဒုန်းပွဲ ဖွင့်ပွဲ)၊ ၂၈(ပဒ္ဒုန်းပွဲ) (အားလုံးပြည့်)၊

ဒီဇင်ဘာ၅(ဂယာကျောင်းရေစက်ချပွဲ+ပဒ္ဒုန်းပွဲ ပိတ်ပွဲ)(၂၂လို)၊၁၂(၂၅လို)၊ ဇန်နဝါရီ၉၊၃၀၊ ဖေဖော်ဝါရီ ၆၊၁၃၊ ၂၀၊၂၇၊ မတ် ၆၊၁၃၊၂၇၊ ဧပြီ ၃၊ ၁၀ (သင်္ကြန်ပိတ်ရက်)။

စရံ/ငွေအကြေချေ ဦးရာလူစနစ်

နေရာစုံ ပို့ပေးပြီး ဝန်ဆောင်မှုကောင်းကြောင်း အာမခံပါသည်။

Air Bus A 320 လေယာဉ်ကြီးဖြင့်သာ သံရုံးသို့ လိုက်ရန်မလို

ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာ့အေးစီးလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃၊ ၀၉-၅၆၀၀၄၄၄


**ဖခင်အမည်မှန်**

ကော့ကရိတ်မြို့၊ (၄)ရပ်ကွက်နေ မခိုင်ယမုံစိုး၏ ဖခင်အမည်မှန်မှာ ဦးရဲစိုး(ခ) ဦးအီဆာ ၃/ကကရ(နိုင်)၀၁၅၈၇၀ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးစံဝင်း ၈/ဆဖန(နိုင်)၀၀၉၃၉၇ ၏ သမီး အထက(ဆိပ်ဖြူ) တက္ကသိုလ်ဝင်တန်း(B)မှ မပေါပေါအား မပပဝတီဟု ပြောင်းလဲခေါ်ပါရန်။

မပပဝတီ


နှစ်ဘီတ်ဝယ်ပြီး T ရှုပ်ယူပါ

095 095 095, ☎ 01-682944

09 730 77711, ☎ 01-682844

ဆရာခန့်၏ ဝမ်းပျော့အဆီကျဆေး

တစ်ခါစား (၂) ပြား မြန်မာဆေးမျိုးစုံဆိုင်တိုင်းမှာမေး

ဖုန်း - ၀၉ ၄၃၁၇၉၉၈၅၊ ၀၁ - ၃၉၆၃၈၄


**ဖခင်အမည်မှန်**

ဆိပ်ဖြူမြို့နယ်၊ (အထက)အနောက်ကမ်းဖြူကျေးရွာ တက္ကသိုလ်ဝင်တန်း(A)မှ မသီတာဦးနှင့် (အမက) ကျားကွဲကျေးရွာ စတုတ္ထတန်းမှ မသီတာစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း ၈/ဆဖန(နိုင်) ၀၅၇၈၃၀ ဖြစ်ပါကြောင်း။

ဦးကျော်လင်း
၈/ဆဖန(နိုင်)၀၅၇၈၃၀

**အမည်မှန်**

**မွေးသက္ကရာဇ်အမှန်**

ကော့ကရိတ်မြို့၊ (အထက) ချောင်းတောင် တက္ကသိုလ်ဝင်တန်း(B)မှ စောကျော်ခိုင်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၅-၁၉၉၉ ဖြစ်ပါကြောင်း။


**MCC Training Institute**

" ပညာသင်ရင်း အလုပ်ခွင်ဝင် ဘွဲ့ရတာနဲ့ အလုပ်ပါရ "

အင်္ဂလန်နိုင်ငံမှချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့

B.Sc (Hons) Business IT
University of Greenwich (UK)



Microsoft Skills Certification Exam
(MCSA, MCSD, MCSE)
များကိုဖြေဆိုနိုင်ရန်
MCC.i တွင် သင်ကြားပေးမည်ဖြစ်ပါသည်။

Office Specialist | Office Expert | Office Master | Microsoft Certified

Hot Line - 246634, 2304156
Enroll Now!

